# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday, 19 January 2026 ၁၂၀၆၇


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးတို့နှင့် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒ ဝစီပိတ်ဆရာတော်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးတို့နှင့် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ**

စာမျက်နှာ » ၅

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ(အပိုင်း ၂) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ**

စာမျက်နှာ » ၆

**သက်ဆိုင်ရာနိုင်ငံကမစွပ်စွဲဘဲ ဟိုကနေ လှမ်းပြီးစွပ်စွဲတယ်၊ တမင်တကာ ဒါကိုလုပ်ကြတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

ကြေးမုံ

# ဒီမိုကရေစီနှင့်ဖက်ဒရယ်အခြေခံသည့် ပြည်ထောင်စုကို ဝိုင်းဝန်းတည်ဆောက်

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင် ပဋိပက္ခများကြောင့် အကျိုးဆက်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ကဏ္ဍများ အားနည်းမှုများဖြစ်ပေါ်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းမှသာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် တိုးတက်စပြုနေသည့် အခြေခံအဆောက်အအုံများ လက်နက်ကိုင်လမ်းစဉ်ကြောင့် အမြောက်အမြားဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းခြင်းသည် နှစ်ပေါင်း ၇၀ ကျော်ကြာသည်အထိ မည်သည့် ရလဒ်မျှ မထွက်သည်ကို သင်ခန်းစာယူဖို့လိုသည်။ လက်နက်ကိုင်လမ်းစဉ်သည် ဒီမိုကရေစီကို နောက်ပြန်ဆွဲခြင်းဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ ဆုံးရှုံးနစ်နာနေသည်ကို သတိပြုရမည်ဖြစ်သည်။

အတိတ်ကာလက ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူပြီး မှန်ကန်သည့် လမ်းကြောင်းကို ရွေးချယ်ကြရန်နှင့် လောကကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်ရန် လိုအပ်သည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံး နှင့် သက်ဆိုင်သောကြောင့် အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ဆုံးရှုံးပျက်စီးခဲ့ရသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများ ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆက်လက်ဖျက်ဆီးနေလျှင် ဆက်လက် နစ်မွန်းနေမည်ဖြစ်ပြီး ဥသျှစ်သီးနှစ်လုံးထုသလို နှစ်ဦးစလုံးပင် ကြေကွဲပျက်စီးမည် ဖြစ်သည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်တူညီသည်ဆိုပါလျှင် ပြည်ထောင်စုအကျိုးကိုရှေးရှုပြီး လက်နက်ကိုင် အဖွဲ့များအားလုံးအနေဖြင့် နိုင်ငံတော်က တံခါးဖွင့်ကြိုဆိုလျက်ရှိသည့် ဥပဒေ ဘောင်အတွင်းဝင်ရောက်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး အတူ လက်တွဲပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့ဒေသအကျိုး၊ မိမိတို့ပြည်သူ အကျိုးကိုဖြင့် ဆောင်ရွက်ပေးလိုပါလျှင် ဒီမိုကရေစီနည်းလမ်းဖြင့်ဆောင်ရွက်မှ သာ ရရှိနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် အားလုံးတန်းတူညီမျှဆောင်ရွက်နိုင် ရေး အခွင့်အလမ်းများရှိသည်။

ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံသာမက ကမ္ဘာသူကမ္ဘာသားများအားလုံး နှစ်နှစ်ကာကာ လိုလားတောင့်တနေသောဆန္ဒဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် သွေဖည် လျှင် အားလုံးနှင့်ဝေးသထက်ဝေးသွားမည်ဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအပါအဝင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှ သာ ငြိမ်းချမ်းရေးကိုရရှိနိုင်မည်ဖြစ်သဖြင့် ဖြစ်လိုသည့်ဆန္ဒများအား ဦးစားပေးမှု ကိုလျှော့ချပြီး ဖြစ်သင့်သည်များကို တောင်းဆို၍ ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

မတူညီသည်များကို ခေတ္တခဏဘေးဖယ်ထားပြီး နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာကြရန်နှင့် တူညီသည့်သဘောထားများကို ပူးပေါင်းအကောင် အထည်ဖော်သွားကြရမည်ဖြစ်သည်။ လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ လူထု၏ကောင်းကျိုးကို ရှေးရှုဆောင်ရွက်နိုင်မည်ဖြစ်သည်။ အေးချမ်းသောဘဝများ တွင် ရပ်တည်နေထိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ညီညီညွတ်ညွတ် အတူလက်တွဲလုပ်ကိုင်နေမှုများကို ပြင်းပြစွာမျှော်လင့်နေကြသည်။ ထို့ကြောင့် နိုင်ငံတော်နှင့်အတူလက်တွဲ၍ ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးလုပ်ငန်းစဉ် များတွင် အားလုံးအတူပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ယခုအခါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂) ကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ရွေးကောက်ပွဲအပိုင်း(၃)ကို အောင်မြင်စွာကျင်းပပြုလုပ်ပြီး ပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံ တော်သစ်အခင်းအကျင်း ဆောင်ရွက်တော့မည်ဖြစ်သည်။ အဆိုပါအခင်းအကျင်း သစ်တွင် အားလုံးပါဝင်လက်တွဲဆောင်ရွက်ပြီး ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## သမဝါယမကောလိပ်(မန္တလေး)၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုသိမ်ကြီး ဇန်နဝါရီ ၁၈**

သမဝါယမကောလိပ်(မန္တလေး)တွင် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရန်ကင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ ၁၈၀ တက်ရောက်ကြပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူး ဝဏ္ဏအေး၊ အမှတ်(၈၆) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ(ပုသိမ်ကြီး)မှ ဒုရဲမှူး ကံညွန့်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်ဇော်မြင့်တို့က မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံသားစိစစ်ရေးကတ်များ One Stop Service ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိ

**သဲကုန်း ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မဲစာရင်းအမည်ပါဝင်သော ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ One Stop Service ဖြင့် ယမန်နေ့တွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သဲကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူး ဦးစောငြိမ်းသောင်းနှင့် ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေး အတွက် ၁၈ နှစ်ပြည့်ကာ မှတ်ပုံတင် မပြုလုပ်ရသေးသည့်သူများ၊ (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)မည့်သူများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲပေးခွင့်မဆုံးရှုံးစေရေး One Stop Service ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အောင်လံမြို့နယ် ပန်းမတကျေးရွာ၌ တောင်သူပညာပေးသရုပ်ပြပွဲ ကျင်းပ

**အောင်လံ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပန်းမတကျေးရွာတွင် အဆင့်မြင့်ထွန် (Power Harrow)ဖြင့် ထွန်ယက်ခြင်း တောင်သူပညာပေးသရုပ်ပြပွဲကို ယမန်နေ့က တောင်သူဦးကျော်ဦး ဦးပိုင်အမှတ် (၈၄) ကွင်းအမှတ် (၇၆/က)၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးရဲနိုင်ထွန်းက အဆင့်မြင့်ထွန်ကို အသုံးပြုခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ခေတ်မီစက်ကိရိယာများ အသုံးပြုခြင်းအားဖြင့် တောင်သူများ လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ပြီး အချိန်ကုန်သက်သာကာ သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနမှ မြေဆီလွှာ အခြေအနေအလိုက် စက်ကိရိယာအား စနစ်တကျ ကိုင်တွယ်မောင်းနှင်နည်းများကို တာဝန်ရှိသူများက လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

## ၁၈ - ၁ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

⚙ ရှေ့ဖုံးမှ

**လောကသရဖူ စေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး မြေကြီးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ပင်မစေတီတော် တည်ဆောက်ခြင်း၊ ရင်ပြင်ကြမ်းခင်းခြင်း၊ အရံစေတီများ တည်ဆောက်ခြင်း၊ ပစ္စယံများ ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဝစီပိတ်ဆရာတော်ကြီး၏ မိန့်ကြားမှုများအပေါ် လိုအပ်သည်များ တင်ပြလျှောက်ထားကာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု တင်ပြချက်များအပေါ် ရေယိုစိမ့်ခြင်း၊ ရေတိုက်စားခြင်းများ မဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကတည်းကပင် ရေဝင်၊ ရေထွက်နှင့် ရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေး၊ ငလျင်ဘေးအန္တရာယ်များ အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်စံနှုန်းရှိစေရေးအတွက်လည်း တွက်ချက်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းဧရိယာ တောင်စောင်းများပေါ်၌ သစ်ပင်များကိုလည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန် လိုကြောင်း၊ ရင်ပြင်တော်ပေါ်၌ နေပူခံကျောက်ပြားများ ခင်းကျင်းရာ၌လည်း ဒီဇိုင်းရေးဆွဲပြီးမှသာ စနစ်တကျဖြင့် ခင်းကျင်းသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စေတီတော်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ထားရှိမှုနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ်ဖွား ပွင့် ဟော စံ သံဝေဇနိယလေးဌာနတို့အား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လောကသရဖူ စေတီတော်မြတ်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော် အတွင်းရှိ ကျောက်စာရုံများကို ကြည့်ရှုစဉ်။

**သတ္တ သတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ သတ္တ သတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီးတို့ကို ကပ်လှူပူဇော်ကြသည်။ ၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံထိန်းသိမ်းဆောင်ရွက်ရန်အတွက် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စေတီတော်မြတ်ကြီးရှိ ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ဗုဒ္ဓဥယျာဉ်တော် သီလဓမ္မကုသိုလ်ဖြစ် ဆေးခန်းဆောင်ရွက်ထားရှိမှုနှင့် သီလဓမ္မဆေးရုံတော်တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သုခမုတ်စုပန်းခင်းနေရာနှင့် ဗုဒ္ဓဥယျာဉ်ပြတိုက်တို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး**

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး

စာမျက်နှာ ၄ သို့ ⚙



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄၂)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်၌ ဈေးရောင်းချနေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❂ စာမျက်နှာ ၃ မှ
ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကာ လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်လိုဏ်အတွင်း စကျင်ကျောက်များဖြင့် ထုဆစ်ပူဇော်ထားရှိသည့်ဗုဒ္ဓဝင်များကို လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌက ရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်ရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

**ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင်ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိ ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအား သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီး တို့ကိုကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအတွက် ဘက်စုံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ဘုရားကြီးဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ပြည်နယ်ကွင်းတွင် ကျင်းပပြုလုပ်သည့် (၄၂)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်သို့ သွားရောက်၍ ဒေသရိုးရာ အစားအသောက်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများ၊ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် လားဟူတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ် ဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ် အစည်းအဝေးများ (6th ASEAN Digital Ministers' Meeting – 6th ADGMIN and Related Meetings with Dialogue Partners) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။



(၆)ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားကို Melia Hanoi Hotel ၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Pham Minh Chinh က တက်ရောက် အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

(၆)ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို "Adaptive ASEAN– From Connectivity to Connected Intelligence" ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးတွင်အာဆီယံဒေသအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဘေးကင်းလုံခြုံမှု၊ ကျင့်ဝတ်ရှိမှုနှင့် အားလုံးပါဝင်သော AI အသုံးပြုမှုကိုမြှင့်တင်၍ သမားရိုးကျ ဆက်သွယ်ပေါင်းစည်းမှု ကဏ္ဍများတွင် ဉာဏ်ရည်တုစနစ်များကို အခြေခံ၍ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှုများနှင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအား ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး၏ ခေါင်းစဉ်သည် ASEAN ၏ ဆက်သွယ်မှု ကွန်ရက်များကို ဉာဏ်ရည်တု စနစ်များဖြင့် အားဖြည့်ထားပြီး ယုံကြည်စိတ်ချမှု အပြည့်ရှိကာ ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သည့် ဆက်သွယ်ပေါင်းစည်းမှုပုံစံတစ်ခုအသွင်သို့ ပြောင်းလဲတက်လှမ်း တည်ဆောက်ရန်ဟူသည့် ASEAN ၏ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းပြီး AI ကို ဘေးကင်းလုံခြုံ၍ ကျင့်ဝတ်ရှိသည့် ပုံစံဖြင့် အသုံးပြုနိုင်ရေးအတွက် ခိုင်မာပြီး သင့်တော်သည့် စီမံအုပ်ချုပ်မှုစနစ်ရှိရန် ဆောင်ရွက်နေခြင်း၊ လုံခြုံမှုရှိသည့် ဒစ်ဂျစ်တယ် အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော် ဒေတာစီးဆင်းမှု (trusted cross-border data flow) ကိုအားပေးခြင်းနှင့် ပြည်သူ့ဗဟိုပြု digital government စနစ် ဖြစ်ထွန်းစေရေး ဆောင်ရွက်ခြင်းတို့ကို ထောက်ခံပါကြောင်း၊ ASEAN ဒေသတွင်း AI အုပ်ချုပ်မှုကို ပူးပေါင်းဖော်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ် နည်းပညာ တိုးတက်မှုကွာဟသည့်အခြေအနေကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအလိုက် လွတ်လပ်စွာ အကောင်အထည်ဖော်နိုင်စေရေး ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း၊ ASEAN Digital Masterplan 2030 ပါ အာဆီယံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အဓိကအားဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းများ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းများ အတည်ပြုခြင်း၊ စီမံကိန်းများအတွက် ဘဏ္ဍာငွေအတည်ပြုခြင်း၊ online scam တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး မြှင့်တင်ရေး၊ AI ဖွံ့ဖြိုးတိုးတက်မှု စနစ်တကျဖြစ်စေရေး စသည့်အကြောင်းအရာများတွင် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေး အတည်ပြုကြသည်။

(၆)ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် အာဆီယံဒစ်ဂျစ်တယ် မဟာဗျူဟာ ၂၀၃၀ အတည်ပြုထုတ်ပြန်သည့် အခမ်းအနားအပြီးတွင် ပိတ်သိမ်းခဲ့သည်။ အစည်းအဝေးတွင် ဟနွိုင်းဒစ်ဂျစ်တယ် ကြေညာချက် (Hanoi Digital Declaration) ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက် ညပိုင်းတွင် Melia Hanoi Hotel တွင် ဗီယက်နမ်နိုင်ငံအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ASEAN Digital Awards 2026 ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ ASEAN Digital Awards 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ မန္တလေးမြို့ Tem Europa အဖွဲ့မှ Digital Startup ကဏ္ဍအောက်မှ Green Globe: Waste Management for a Better World! ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ တတိယဆု ရရှိခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် 2026 China–ASEAN Digital Ecosystem Cooperation Net–working Event သို့ တရုတ်နိုင်ငံ China Academy of Information and Communications Tech–nology ဌာန၏ ဖိတ်ကြားမှုဖြင့် တက်ရောက်ပြီး Keynote speech ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်စနစ်များသည် ပိုမိုယုံကြည်စိတ်ချရလာပြီး ပိုမို၍ ပြည်သူဗဟိုပြု ဖြစ်လာပါကြောင်း၊ သို့သော်ဒစ်ဂျစ်တယ် အသွင်ပြောင်းလဲမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ချိတ်ဆက်မှု (Connectivity) တစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ နောက်တစ်ဆင့်မှာ intelligence၊ လိုက်လျောညီထွေ ဖြစ်အောင် လုပ်ဆောင်နိုင်မှု (adaptability) နှင့် ဆန်းသစ်တီထွင်မှု (innovation) တို့လိုအပ်လာပါကြောင်း၊ နည်းပညာအသစ်များ တိုးတက်ပေါ်ထွန်းလာခြင်းနှင့်အတူ မိမိတို့လည်း တိုးတက်လာရန် လိုပါကြောင်း၊ စိန်ခေါ်မှု ပိုမိုများလာသည်နှင့်အမျှ ပိုမိုစည်းလုံးစွာဖြင့် တုံ့ပြန်ကြရန် လိုလာပါကြောင်း၊ နည်းပညာပိုင်း မြှင့်တင်ရန်သာမက ဒေသတွင်း ပြည်သူများအားလုံး၏ အနာဂတ်အတွက် အခွင့်အလမ်းကောင်းများ မြှင့်တင်ပေးနိုင်ရန်အတွက်ပါ ပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးသည်။

(၆)ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံ ၁၁ နိုင်ငံနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်တို့မှ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ ဝန်ကြီးအဆင့်ရှိသူများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ (၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**သထုံ ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သထုံမြို့နယ် ဂေါ့ကျေးရွာရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကွန်ပျူတာတက္ကသိုလ်(သထုံ)ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက ဘွဲ့နှင်းသဘင်စတင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူသူများအား ကတိသစ္စာခံယူစေခြင်း၊ သက်ဆိုင်ရာဌာနများမှ ဘွဲ့ယူသူများအား ပါမောက္ခချုပ်ထံ ပို့ဆောင်စေခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် ပါမောက္ခချုပ်က ကွန်ပျူတာသိပ္ပံဘွဲ့ Bachelor of Computer Science (B.C.Sc.) ၃၈ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ Bachelor of Computer Technology (B.C.Tech.) ရှစ်ဦးတို့အား ဘွဲ့လက်မှတ်များအပ်နှင်းပေးအပ်ပြီး ဘွဲ့ရမှတ်ပုံတင်စာအုပ်တွင် ဘွဲ့ရရှိသူစာရင်းကို အတည်ပြုလက်မှတ်ရေးထိုး၍ ဝတ်စုံများကိုဝတ်ဆင်ခွင့်ပြုကြောင်း ကြေညာကာ ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။

ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ (၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အဝေးရောက်ဘွဲ့ယူသူ ခြောက်ဦးအပါအဝင် စုစုပေါင်း ၅၂ ဦးတို့အား သက်ဆိုင်ရာဘွဲ့များကို အပ်နှင်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၁၇ / ၂၀၂၆ )**
**၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၁၈ ရက်)**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးရားဝမ်ဂျုံ | ၁/ပတအ(နိုင်) ၀၁၇၃၅၄ | မချမ်းဘောမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဒေါ်မိုးသီတာသိန်း | ၁/မကန(နိုင်) ၀၁၈၁၇၅ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၃) | ဦးချန်းဂျောင်ဆားရ် | ၁/ပတအ(နိုင်) ၀၁၆၇၇၇ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးရဲရင့်ဆွေ | ၉/စကန(နိုင်) ၀၆၃၀၁၅ | တနိုင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးခေါ်ဆာ | ၁/ဝမန(နိုင်) ၀၀၄၃၈၃ | ပူတာအိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးကွမ်ငါးနော်အောင် | ၁/မခဘ(နိုင်) ၀၀၁၃၆၁ | ချီဖွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးနီးဆာ | ၁/မကန(နိုင်) ၁၅၆၅၀၀ | ဆွမ်ပရာဘွမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၈) | ဦးလဟန်ဇောင်းခေါင် | ၁/ဝမန(နိုင်) ၀၀၁၉၅၉ | ဆော့လော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ |
| (၉) | ဦးဂျေဇာဒီး | ၁/ခဘဒ(နိုင်) ၀၀၄၆၇၆ | ခေါင်လန်ဖူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၀) | ဦးဆမ်ဘုံဆင် | ၁/ပတအ(နိုင်) ၀၂၇၈၅၃ | နောင်မွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကချင်ပြည်နယ် ပြည်သူ့ပါတီ |
| (၁၁) | ဦးငွါးခီဆာ | ၁/ပတအ(နိုင်) ၀၄၂၂၃၆ | မချမ်းဘောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ လယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| **ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဦးစိုးရယ် | ၂/ဒမဆ(နိုင်) ၀၁၃၉၃၁ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးဂျိုးဇက်ကျော် | ၂/ဖရဆ(နိုင်) ၀၀၁၁၅၃ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၁၄) | ဦးအုံ့မော် | ၇/ပမန(နိုင်) ၁၁၅၇၈၂ | လွိုင်ကော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးပိုးရယ်အောင်သိန်း | ၂/လကန(နိုင်) ၀၀၉၁၇၅ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးရဲဝင်း | ၂/ရတန(နိုင်) ၀၀၀၂၃၂ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်နှင်းနှင်းရီ | ၂/လကန(နိုင်) ၀၆၆၂၆၁ | ဖားဆောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးဇော်မင်းဦး | ၂/လကန(နိုင်) ၀၅၃၇၄၈ | မယ်စဲ့မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၁၉) | ဦးစောဒီးဒီ | ၂/လကန(နိုင်) ၀၀၉၉၁၅ | ဘောလခဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၂၀) | ဦးစိုးညွန့် | ၂/ဘလခ(နိုင်) ၀၀၀၄၁၉ | ရှားတောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၁) | ဦးထွန်းထွန်း | ၅/ကလဝ(နိုင်) ၀၃၀၇၆၄ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးဆန်းဝင်း | ၅/မကန(နိုင်) ၀၀၄၉၈၃ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးတင်မင်းထွဋ် | ၅/ဖပန(နိုင်) ၀၄၃၉၃၀ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးမြင့်တင် | ၅/ကလန(နိုင်) ၀၄၀၄၄၈ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၂၅) | ဦးလှထွန်း | ၅/လရန(နိုင်) ၀၀၀၄၁၃ | နန်းယွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးထန်ငူ | ၅/လဟန(နိုင်) ၀၁၉၆၆၆ | လဟယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးရှုမောင် | ၅/ခတန(နိုင်) ၀၁၄၇၄၆ | လေရှီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၂၈) | ဦးမင်းဇော် | ၅/မလန(နိုင်) ၀၀၀၀၃၃ | ကလေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးအောင်ဇော်ဝင်း | ၅/ဟမလ(နိုင်) ၀၃၇၆၇၃ | ဟုမ္မလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးတင်မောင်မြင့် | ၅/ကလဝ(နိုင်) ၀၀၄၀၉၂ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးမော်လိပ် | ၅/လဟန(နိုင်) ၀၁၂၀၄၃ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၂) | ဦးအောင်နိုင်သူ | ၅/လရန(နိုင်) ၀၀၄၈၄၃ | ခန္တီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၃) | ဦးမြင့်ကျော် | ၅/ကလဝ(နိုင်) ၀၀၂၅၂၉ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၄) | စိုင်းအောင်ခမ်း | ၅/ဟမလ(နိုင်) ၀၄၀၈၀၀ | မော်လိုက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဦးရဲနောင် | ၁/ကမန(နိုင်) ၀၄၄၀၀၅ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနီ(တိုင်းလျှန်)သွေးစည်း ညီညွတ်ရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )** | | | | |
| (၃၆) | ဦးမျိုးသန့် | ၅/ကသန(နိုင်) ၀၁၀၈၂၁ | ကန့်ဘလူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးကျော်လွင်ဦး | ၅/အတန(နိုင်) ၀၀၀၀၅၈ | ကသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးကျော်သူ | ၅/ကသန(နိုင်) ၀၀၂၇၁၅ | ကောလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဒေါ်ခင်ဝင်းကြည် | ၅/ဗမန(နိုင်) ၀၀၀၀၉၅ | ထီးချိုင့်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးကျော်စိုး | ၅/ကသန(နိုင်) ၀၁၀၆၅၀ | ဗန်းမောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးမင်းအောင် | ၅/ထခန(နိုင်) ၀၅၁၄၃၂ | ပင်လယ်ဘူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးသက်လွင် | ၅/ကသန(နိုင်) ၀၅၇၅၃၆ | အင်းတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၃) | ဒေါ်မာမာဝင်း | ၅/ကသန(နိုင်) ၀၇၉၄၆၆ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၄) | ဦးအောင်ဇော်မင်း | ၅/ကသန(နိုင်) ၀၆၈၂၃၈ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ(အပိုင်း၂)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မချမ်းဘော | | | ၃၄၅၈ | ၄၄၇ | ၃၉၀၅ | |
| | | ဦးရားဝမ်ဂျူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၂၂ | ၃၇၅ | ၁၈၉၇ | ၄၈.၅၈% |
| | | ဦးဆန်နိုင်ဖေရမ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၃၀၂ | ၄၃ | ၁၃၄၅ | ၃၄.၄၄% |
| | | ဦးငွါးအားဖူ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၈၃ | ၁၉ | ၅၀၂ | ၁၂.၈၆% |
| | | ဦးဂျေယိုမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၁ | ၁၀ | ၁၆၁ | ၄.၁၂% |
| ၂ | ဝိုင်းမော် | | | ၁၉၃၁၈ | ၁၉၄၄ | ၂၁၂၆၂ | |
| | | ဒေါ်မိုးသီတာသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၀၆၈ | ၇၉၅ | ၆၈၆၃ | ၃၂.၂၈% |
| | | ဦးတိန့်ဆောင် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၄၂၈၉ | ၄၁၅ | ၄၇၀၄ | ၂၂.၁၂% |
| | | ဦးအားဆီဖီးထွေ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၈၁ | ၃၄၄ | ၃၂၂၅ | ၁၅.၁၇% |
| | | ဦးအိုင်ပလွတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၉ | ၁၃၉ | ၁၉၃၈ | ၉.၁၁% |
| | | ဒေါ်မာရှန်(ခဒေါ်ဂွန်ထန်ကော့ရှန်) | တစ်သီးပုဂ္ဂလ | ၁၈၀၈ | ၁၁၉ | ၁၉၂၇ | ၉.၀၆% |
| | | ဦးမိတုံဂမ်အောင်(ခ)ဘရန်အောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၂၅၂ | ၅၁ | ၁၃၀၃ | ၆.၁၃% |
| | | ဦးဘရန်ရှောင် | တစ်သီးပုဂ္ဂလ | ၆၆၂ | ၅၂ | ၇၁၄ | ၃.၃၆% |
| | | ဒေါ်အေးသဉ္ဇာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၉ | ၂၉ | ၅၈၈ | ၂.၇၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)
## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

$$\frac{\text{နိုင်ငံရေးပါတီအသီးသီးအတွက်}}{\text{}}\ \text{အနည်းဆုံးရရှိရမည့်အခြေခံမဲ} = \frac{\text{ခိုင်လုံမဲစုစုပေါင်း}}{\text{ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက်}} = \frac{၆၇၁၆၃}{၉} = ၇၄၆၂$$

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၆၇၁၆၃ | ၆ | | ၃ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၇၆ | ၃ | ၅၉၉၀ | ၁ | ၄ | |
| | | ၂။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၉၇ | ၁ | ၃၇၃၅ | - | ၁ | |
| | | ၃။ | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၃၆၄ | ၁ | ၉၀၂ | - | ၁ | |
| | | ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၀၇ | ၁ | ၄၅ | - | ၁ | |
| | | ၅။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၇၃၆၃ | - | ၇၃၆၃ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုး တိုးတက်ရေးပါတီ | ၄၃၅၆ | - | ၄၃၅၆ | ၁ | ၁ | |

ရှင်းလင်းချက် ။( ၁ ) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကချင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တနိုင်း၊ ခေါင်လန်ဖူး၊ နောင်မွန်း၊ ပူတာအိုမြို့နယ် မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မချမ်းဘော၊ ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများ အနည်း အပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ )
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | |
| ၁ | ဒီးမော့ဆို | | | ၉၂၆ | ၁၁၁၃ | ၂၀၃၉ | |
| | | ဦးစိုးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၆ | ၇၉၄ | ၁၄၂၀ | ၆၉.၆၄% |
| | | ဒေါ်ခိုင်ရွှေဝင်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၇၂ | ၁၇၆ | ၃၄၈ | ၁၇.၀၇% |
| | | ဦးကျော်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၈ | ၁၄၃ | ၂၇၁ | ၁၃.၂၉% |
| ၂ | ဖရူဆို | | | ၂၉၅ | ၇၅၄ | ၁၀၄၉ | |
| | | ဦးဂျိုးဇက်ကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၅ | ၇၁၃ | ၉၆၈ | ၉၂.၂၈% |
| | | ဦးစောဟူးဟူး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၄၀ | ၄၁ | ၈၁ | ၇.၇၂% |

စာမျက်နှာ ၇ သို့ ✯

## သရက်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များမီးဘေးလုံခြုံရေး မီးသတ်ဆေးဘူးအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်



သရက် ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သရက်မြို့နယ် မီးသတ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက သရက်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၉ နာရီခွဲက ထူးစတား စက်သုံးဆီအရောင်းဆိုင်၌ ဆောင်ရွက်ခဲ့သည်။

ထူးစတား စက်သုံးဆီအရောင်းဆိုင်တွင် မီးသတ်ဆေးဘူးအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုရမည့်အချက်များကို အသိပညာပေးဆွေးနွေးပေးခဲ့ပြီး မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သရက်(ပြန်/ဆက်)

☆ စာမျက်နှာ ၆ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်း ရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၆၈၇၉ / ၇ = ၅၂၆၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၆၈၇၉ | ၆ | | ၁ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၇၈၉ | ၃ | ၃၉၈၅ | ၁ | ၄ | |
| | | ၂။ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၁၁၃၀ | ၂ | ၅၉၄ | - | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၆၀ | ၁ | ၆၉၂ | - | ၁ | |

ရှင်းလင်းချက်။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကယားပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဘောလခဲ၊ လွိုင်ကော် မြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့်ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ )

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၁ | ကလေးဝ | | | ၃၈၃၀ | ၆၀၇ | ၄၄၃၇ | |
| | | ဦးထွန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၁ | ၄၁၇ | ၂၄၈၈ | ၅၆.၀၇% |
| | | ဒေါ်သီသီထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၅၉ | ၁၉၀ | ၁၉၄၉ | ၄၃.၉၃% |
| ၂ | မင်းကင်း | | | ၆၄၃၂ | ၁၀၁၄ | ၇၄၆၆ | |
| | | ဦးဆန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၇၃၈ | ၈၄၆ | ၅၅၈၄ | ၇၄.၇၉% |
| | | ဦးတင်ဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၉၄ | ၁၈၈ | ၁၈၈၂ | ၂၅.၂၁% |
| ၃ | ဖောင်းပြင် | | | ၉၆၅၂ | ၁၆၁၅ | ၁၁၂၆၇ | |
| | | ဦးတင်မင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၀၈ | ၁၄၀၂ | ၇၉၁၀ | ၇၀.၂၀% |
| | | ဦးတင့်ဆွေဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၄ | ၁၂၁ | ၂၄၇၅ | ၂၁.၉၇% |
| | | ဒေါ်မြမြနွယ် | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၇၉၀ | ၉၂ | ၈၈၂ | ၇.၈၃% |
| ၄ | ကျွန်းလှ | | | ၁၂၇၂၄ | ၁၁၉၅ | ၁၃၉၁၉ | |
| | | ဦးမြင့်တင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၉၄၅ | ၉၇၉ | ၈၉၂၄ | ၆၄.၁၁% |
| | | ဒေါ်စန်းစန်းမော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၇၉ | ၂၁၆ | ၄၉၉၅ | ၃၅.၈၉% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်း ရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၄၅၇၄၀ / ၁၁ = ၁၃၂၄၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၁၄၅၇၄၀ | ၉ | | ၂ | ၁၁ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၇၁၃ | ၅ | ၂၄၆၈ | - | ၅ | |
| | | ၂။ | နာဂအမျိုးသားပါတီ | ၃၃၂၅၀ | ၂ | ၆၇၅၂ | ၁ | ၃ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၃၆၃ | ၁ | ၁၂၁၁၄ | ၁ | ၂ | |
| | | ၄။ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၈၄၁၄ | ၁ | ၅၁၆၅ | - | ၁ | |

ရှင်းလင်းချက်။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ခန္တီး၊ ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇ /၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကလေးဝ၊ မင်းကင်း၊ ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၃ မြို့နယ်ရှိ လူဦးရေ အများအနည်းအရ လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များရရှိသည့် နိုင်လုံမဲအများအနည်းနှင့် ဒေသခံတိုင်းရင်းသားလူမျိုးအရလည်းကောင်း ကိုယ်စားပြုမြို့နယ်များ သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၈ သို့ ☆



## မိတ္ထီလာမြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

မိတ္ထီလာ ဇန်နဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည်။

အဆိုပါ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းတွင် ဈေးရုံများအား မီးငြိမ်းသတ်ရေးယာဉ်များမှ မီးသတ်ရေပိုက်များအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများက စုပေါင်းဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

★ မြန်မာနိုင်ငံမှ

အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တီမောလက်စ်တေနိုင်ငံခြားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးက (၅၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ် ကာလအတွင်း ၈-၇-၂၀၂၅ ရက်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွန့်ဦးထံ တွေ့ဆုံခွင့်တောင်းခံ၍ တွေ့ဆုံခဲ့စဉ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ၁၀-၇-၂၀၂၅ ရက်တွင် စာပေးပို့၍လည်းကောင်း၊ ၁၈-၉-၂၀၂၅ ရက်တွင် တီမောလက်စ်တေနိုင်ငံခြားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ်တွင်လည်းကောင်း တီမောလက်စ်တေနိုင်ငံသည် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုပါကြောင်းနှင့် အာဆီယံပဋိညာဉ်ပါ အခြေခံမှုများကို အပြည့်အဝ လေးစားလိုက်နာမည်ဖြစ်ပါကြောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့သည့်အတွက် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လျှောက်ထားမှုကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကန့်ကွက်ခြင်းမပြုတော့ဘဲ အာဆီယံတူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၉-၁၀-၂၀၂၅ ရက်တွင် ထိုစဉ်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ အသိပေးခဲ့သည်။

တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ အခြေခံမှုများနှင့်အညီ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် အပြုအမူများ ဆောင်ရွက်မည်မဟုတ်ကြောင်း အကြိမ်ကြိမ်ကတိပြုခဲ့သော်လည်း မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရကို တီမောလက်စ်တေ၏ Public Prosecutor’s Office တွင် တရားစွဲဆိုတိုင်ကြားမည့် ချင်းလူ့အခွင့်အရေးအဖွဲ့အား တီမောလက်စ်တေသမ္မတက လက်ခံတွေ့ဆုံ၍ အားပေးအားမြှောက်ပြုခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်သည်။

မြန်မာအစိုးရသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် တီမောလက်စ်တေနိုင်ငံ၏ အဆိုပါထိတွေ့ဆက်ဆံမှု၏ အကြောင်းအရာ၊ သဘောသဘာဝနှင့် အကျိုးဆက်များအပေါ် ကန့်ကွက်ပြီး တရားဝင်ဆန့်ကျင်ကြောင်း မှတ်တမ်းတင်သည်။ သတင်းမှားများ ဖြန့်ဝေပြီး မတည်ငြိမ်မှုများကိုလှုံ့ဆော်ရန် ကြိုးပမ်းကာ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေရန် ဆောင်ရွက်နေသည့် အစိုးရဆန့်ကျင်ရေးအဖွဲ့များနှင့် တီမောလက်စ်တေအစိုးရက တရားဝင်ထိတွေ့ဆက်ဆံခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည့် အာဆီယံပဋိညာဉ်ပါ အခြေခံမှုများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား ၁၆-၁-၂၀၂၆ ရက်တွင် နေပြည်တော်သို့ ဆင့်ခေါ်၍ တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်ပါ အခြေခံမှုများအား ချိုးဖောက်၍ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအပေါ် ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဖြေရှင်းပြန်ကြားပေးရန် တောင်းဆိုကြောင်း ဖော်ပြသည့် သတိထောက်လွှာအား ပေးအပ်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

☆ စာမျက်နှာ ၇ မှ

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၂၃၂ / ၉ = ၅၀၂၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၅၂၃၂ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၅၄၄ | ၅ | ၄၄၁၉ | ၁ | ၆ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၆၈၈ | ၃ | ၆၁၃ | - | ၃ | |
| | | | | | | | | | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကသာ၊ ကန့်ဘလူမြို့နယ် မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကျွန်းလှမြို့နယ် မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

# မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှု အဆင့်သတ်မှတ်စစ်ဆေးနေမှု သွားရောက်ကြည့်ရှုလေ့လာ



**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်အတူ (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့၏ မသန်စွမ်းမှုအဆင့် သတ်မှတ်စစ်ဆေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ Nakhon Ratchasima Rajabhat University ဘောလုံးကွင်းအတွင်းရှိ Classification Room တွင် မသန်စွမ်းမှု အဆင့်သတ်မှတ်စစ်ဆေးနေသော မြန်မာမသန်စွမ်းခုနစ်ယောက်တစ်ဖက် ဘောလုံးအသင်းမှ ကစားသမားများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး မြန်မာမသန်စွမ်း ခုနစ်ယောက်တစ်ဖက်ဘောလုံးအသင်း တစ်ဦးချင်း မသန်စွမ်းမှုအဆင့် သတ်မှတ်စစ်ဆေးနေမှုကို ကြည့်ရှုလေ့လာကာ တာဝန်ရှိသူများနှင့် အုပ်ချုပ်/နည်းပြများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဘိုစီယာ၊ ဂိုးလ်ဘော၊ ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်နှင့် Power-Lifting ကစားနည်းတို့မှ ကစားနည်းအလိုက် မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှုအဆင့် သတ်မှတ်စစ်ဆေးခြင်းများ၊ မြန်မာမသန်စွမ်း ဘိုစီယာအသင်းနှင့် ဂိုးလ်ဘောအသင်းတို့၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခြေခံစံချိန်စံညွှန်းကိုက်ညီစေရေး ကွင်းဆင်း

ညောင်ဦး ဇန်နဝါရီ ၁၈

၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်နေ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အမျိုးသားအဆင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့မှ ပေးအပ်ချီးမြှင့်မည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော မြို့၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဆုအတွက် အမျိုးသားအဆင့် သတ်မှတ်ထားသည့် အခြေခံစံချိန်စံညွှန်းနှင့် အညွှန်းကိန်းသတ်မှတ်ချက် ကိုက်ညီစေရေး ဇန်နဝါရီ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ကျော်စိုး ဦးဆောင်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်နှင့်အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာသို့ သတ်မှတ်ထားသည့် အခြေခံစံချိန်စံညွှန်း ၁၀ ချက်၊ အညွှန်းကိန်း ၆၆ ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# သက်ဆိုင်ရာနိုင်ငံကမစွပ်စွဲဘဲ ဟိုကနေလှမ်းပြီးစွပ်စွဲတယ်၊ တမင်တကာ ဒါကိုလုပ်ကြံတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်

**ဦးဝင်းလွင် (အငြိမ်းစားသံအမတ်ကြီး)**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်ပြီး ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ပြုလုပ်လျက်ရှိသည်။

အဆိုပါကြားနာပွဲနှင့်စပ်လျဉ်း၍ အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်နှင့် မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်းတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည် -

**ဦးဝင်းလွင်**
**အငြိမ်းစားသံအမတ်ကြီး**

နဂါးမင်းစစ်ဆင်ရေး စတင်ဖြစ်စဉ်ကာလတုန်းက ကျွန်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သက်ဆိုင်ရာဌာနကိုကိုင်တွယ်တဲ့ တာဝန်ခံဖြစ်ပါတယ်။ အဲဒီတော့ ပြည်ပကနေ တရားမဝင် ဝင်တဲ့သူတွေများလာတော့ သန်းခေါင်စာရင်း ပြန်စစ်ဆေးမှု လုပ်ကြတယ်။ ဒီလိုလုပ်တဲ့အခါ ပထမဆုံး Pilot Project ဆိုပြီး မင်္ဂလာတောင်ညွန့်မှာထင်တယ်၊ အဲဒီမှာစပြီးလုပ်တယ်၊ အဲဒီကနေ ရခိုင်ပြည်နယ်စစ်တွေအထိ သွားပြီးလုပ်တယ်။ အဲဒီလို လုပ်တဲ့အချိန်မှာ ရခိုင်ပြည်နယ်အထဲကို အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်နေကြတဲ့သူတွေက သူတို့ဆီမှာ တရားဝင်မှတ်ပုံတင်လက်မှတ်မရှိတော့ ထွက်ပြေးသွားကြတယ်။

ထွက်ပြေးကျတော့ ပထမဆုံး နိုင်ငံခြားရေးရုံးကိုလာပြီးတိုင်တော့ လူဦးရေ ၈၀၀ လောက်၊ နောင်တဖြည်းဖြည်းများလာပြီး ကြီးကြီးကျယ်ကျယ်ဖြစ်လာတယ်။ ဟိုဘက်ကလည်း သိန်းနဲ့ချီဖြစ်လာတော့ ဟိုဘက်က ဒီဘက်ကို Complain လုပ်တယ်။ နိုင်ငံတော်အစိုးရကလည်း စစ်ဆေးဖို့လုပ်တယ်၊ နှစ်ဖက်ညှိနှိုင်းရေး ဟိုဘက်ကအဖွဲ့တွေလာပြီး ဆွေးနွေးတယ်၊ နှစ်ခါသုံးခါဆွေးနွေးတယ်၊ ဒီဘက်ကလည်း နိုင်ငံခြားရေးဝန်ကြီးဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့သွားတယ်၊ အဲဒီလိုပဲလုပ်တယ်၊ ဒီကိစ္စကို အတန်တန်ဆွေးနွေးပြီး မြန်မာဘက်အနေနဲ့ တို့နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ရေချင်းမြေချင်း ဆက်စပ်နေတဲ့ နိုင်ငံလည်းဖြစ်တယ်၊ လွတ်လပ်ရေးရခါစနိုင်ငံဆိုပြီး တို့နိုင်ငံက အိမ်နီးနားချင်းထားတဲ့ မူဝါဒနဲ့အညီ တတ်အားသမျှလုပ်ပေးမယ်ဆိုပြီး ဒီဟာကို လူကြီးတွေက ပြန်လည်လက်ခံဖို့၊ ဒီမှာနေခဲ့တဲ့သူမှန်ရင် ပြန်လည်လက်ခံမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီး သွားပြီးစေ့စပ်ဆွေးနွေးတယ်။

ပြန်လည်လက်ခံမယ်ပြောတဲ့အခါ ဖြစ်ပုံက အဲဒီထွက်ပြေးတဲ့သူတွေကြားမှာ ခုနကပြောသလို သိန်းကျော်ရှိတယ်၊ တကယ်တမ်းပြောတဲ့အခါ မြန်မာမှတ်ပုံတင်လက်မှတ်အစစ် အမှန်တကယ်လက်ဝယ်ရှိသူက ၃၀၀၀ ကျော်ပဲရှိတယ်။ ကျန်တဲ့ဟာတွေက သူတို့ထွက်ပြေးတယ်၊ တဲတွေမီးရှို့ခံရတယ်၊ ပျောက်သွားတယ်၊ ကျန်ရစ်ခဲ့တယ်၊ အဲဒီတော့ မှတ်ပုံတင်လက်မှတ်တွေ ပျောက်ဆုံးသွားတယ်ဆိုပြီး အဲဒီဆင်ခြေတွေပေးကြတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှာနေခဲ့တဲ့သူ အစစ်အမှန်ဆိုရင် လက်ခံမယ်ဆိုပြီး အမျိုးမျိုးလျှော့ပေါ့တယ်။

မှတ်ပုံတင်လက်မှတ်အစစ်ဆိုတာက ၃၀၀၀၊ အစစ်ထဲမှာမှ အစစ်တစ်မျိုး၊ မှတ်ပုံတင်လက်မှတ်ကို ခိုးလုပ်ပေးတာကတစ်မျိုး၊ အိမ်ထောင်စုကတ်ပြားအတုလုပ်ထားတာတစ်မျိုး၊ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ထဲမှာနေခဲ့တဲ့သူ ဟုတ်တယ်၊ မှန်တယ်ဆိုရင် လက်ခံခဲ့တယ်၊ အားလုံးပေါင်း တစ်သိန်းနဲ့သုံးသောင်းလား၊ လေးသောင်းလား၊ အတိအကျတော့မမှတ်မိတော့ဘူး၊ အဲဒီလောက်လက်ခံခဲ့တယ်၊ အသိအမှတ်ပြုခဲ့တယ်။ ဒီကမ္ဘာတစ်ခုလုံးမှာ မြန်မာနိုင်ငံက စောစောစီးစီး၊ ခုနစ်ခုမြောက်သော အသိအမှတ်ပြုခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ အဓိပ္ပာယ်က အိမ်နီးနားချင်းပေါ်လစီကို ကောင်းကောင်းထားချင်တယ်။ ခင်မင်ရင်းနှီးတယ်ဆိုတဲ့သဘောနဲ့ လက်ခံတာ။



ဦးဝင်းလွင် (အငြိမ်းစားသံအမတ်ကြီး)



ဒေါက်တာမြင့်သိန်း (မြန်မာသမိုင်းအဖွဲ့ဝင်)

ဟိုကလည်း ဒါတွေအားလုံးပြန်ယူပါ၊ ဘာမှပြောမနေနဲ့၊ ပြန်ယူပါဆိုပြီး ဖွတ်ပဲပြန်ပြီးထိုးပေးခဲ့တယ်။ ဒီဘက်ကလည်း လက်ခံမယ်ဆိုတော့ လက်ခံတဲ့အခါမှာလည်း အဆင့်ဆင့်ဖြစ်တယ်၊ ရခိုင်ပြည်နယ်မှာနေရိုးမှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး ဘာပဲဖြစ်ဖြစ် မျက်စိမှိတ်ပြီးလက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံအိမ်နီးချင်းဖြစ်တာရယ်၊ ချစ်ကြည်ရင်းနှီးမှုကိုအကြောင်းပြုပြီး လက်ခံခဲ့ခြင်းဖြစ်တယ်။ အဲဒီသဘောနဲ့ပါ။

အခုနောက်ဆုံးကိစ္စ။ ဒါကတတိယအကြိမ်မြောက်ဖြစ်တယ်၊ ဒုတိယအကြိမ်မြောက်လည်းရှိတယ်၊ ဒီဟာကပြီးသွားပြီ။ တတိယအကြိမ်မြောက်ဖြစ်တဲ့အခါကျတော့ မြန်မာနိုင်ငံက အိမ်နီးနားချင်းထုံးစံအတိုင်း ရခိုင်ပြည်နယ်မှာနေခဲ့တဲ့သူမှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး အရင်တုန်းကပြောခဲ့တဲ့အတိုင်း ပြောခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ခါမှာ ဟိုဘက်က ဒီလိုမဟုတ်တော့ဘူး၊ ဟိုဘက်က ခေါင်းဆောင်က အရင်တုန်းကသူမဟုတ်တော့ဘူး၊ ဒီကလက်ခံမယ့်ဟာကို ဟိုအရင်က ပြန်ပြီးပို့လိုက်တယ်၊ ဒီတစ်ခါကျတော့ ပို့တာမဟုတ်တော့ဘူး။ ဒီပြဿနာကို ရိုးရိုးနှစ်နိုင်ငံအကြားပြဿနာထက် ကမ္ဘာ့ပြဿနာကြီးဖြစ်အောင် Internationalize လုပ်တယ်။

ဒီလို Internationalize လုပ်တော့ ဒီပြဿနာက ကမ္ဘာတစ်ခုလုံးက ချက်ချင်းဝုန်းခနဲ ချက်ချင်းသိသွားတယ်။ အိုင်တီကိုအသုံးပြုလိုက်တယ်။ အိုင်တီကိုသုံးလိုက်တာ မြန်မာနိုင်ငံခံလိုက်ရတယ်။ အိုင်တီကိုအသုံးပြုပြီး ကမ္ဘာ့ပြဿနာလုပ်ချလိုက်တယ်။ ဘယ်သူကလုပ်သလဲဆိုရင် သက်ဆိုင်ရာနိုင်ငံကလုပ်တာလား၊ သက်ဆိုင်ရာနိုင်ငံရဲ့ ဘာသာတူအဖွဲ့အစည်းက လုပ်တာလားဆိုတာ ကျွန်တော်တို့မသိဘူး။ ဒီကိစ္စကဘာမှမဟုတ်ဘူး။ ဒီကိစ္စက သေးသေးလေး၊ ဒီဘက်ကတော့ အရင်တုန်းက အတိုင်း ရိုးရိုးသားသားနဲ့ အရင်တုန်းကအတိုင်း လက်ခံခဲ့တယ်။ အဲဒီမှာ ပြန်ပြီးပို့ဖို့ဟာကို ထစ်ငေါ့နေတဲ့အပြင် ကမ္ဘာ့ခုံရုံးမှာ အဲဒီဟာကိုတင်လိုက်တာ။ တင်လိုက်တဲ့အခါမှာလည်း အကြီးအကျယ်နဲ့ ပုဒ်မအကြီးကြီးတွေ တပ်လိုက်တယ်။

အမှန်အတိုင်း ဒီဘက်မှာဖြစ်တဲ့ အရေးအခင်းမှာ ရဲတပ်ဖွဲ့ဝင်တွေကိုသတ်တယ်၊ ဒီမှာ လိုက်ပြီး ရှင်းလင်းတဲ့အဖြစ်အပျက်ကလေးပါ။ အခုက ကမ္ဘာမှာ နေရာတကာမှာ ကြားနေတယ်မလား၊ အရှေ့အလယ်ပိုင်းမှာဖြစ်နေတဲ့ သတ်ဖြတ်နေတာတွေ၊ ဗုံးချတာတွေနဲ့စာရင် ဒီဟာက သေးသေးလေးပါ။ ဘာမှမဆိုင်ဘူး။

နိုင်ငံရေးအားဖြင့်နိုင်အောင် ကျွန်တော်တို့နိုင်ငံကိုသတ်တာ။ အုပ်ချုပ်နေတဲ့အစိုးရကိုသတ်တာ၊ နိုင်ငံတော်ကိုသတ်တာ၊ ဒီလိုလုပ်လိုက်တဲ့ဟာ တစ်သက်လုံး ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ အတူတူပေါင်းသင်းနေထိုင်သွားရမယ့် နှစ်နိုင်ငံချစ်ကြည်ရေးလည်းပျက်သွားတယ်၊ တကယ်ဖြစ်နေတဲ့နိုင်ငံက တရားစွဲရေးမဟုတ်ဘဲ ဘာမှမဆိုင်တဲ့၊ မြန်မာနိုင်ငံနဲ့ ဘာမှလည်းရန်မဖြစ်တဲ့၊ မသိတဲ့နိုင်ငံကနေ ကမ္ဘာ့ခုံရုံးကို သွားတင်ပြီးဖြစ်တယ်။ အဲဒီဟာက မှန်သလား၊ မှားသလား၊ သင့်သလား၊ မသင့်သလားဆိုတာ စဉ်းစားကြပါ။

သက်ဆိုင်ရာနိုင်ငံကမစွပ်စွဲဘဲ ဟိုကနေလှမ်းပြီး စွပ်စွဲတယ်၊ တမင်တကာ ဒါကိုလုပ်ကြံတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်။ ဒီဟာ ဘယ်သူနဲ့၊ ပေါ်လစီတွေနဲ့မဆိုင်ဘူး၊ ရိုးရိုးတန်းတန်း ပြောခြင်းဖြစ်တယ်။ ဖြစ်သင့်တာက သူခံရရင် သူက ပြန်ပြီးလုပ်ရမှာပါ။ သူကမလုပ်ဘဲ ဘာမှမဆိုင်တဲ့ ဘေးကလူကလုပ်တယ်။ မဆိုင်တာဆို ဟိုးအဝေးကြီးကပါ။ အဲဒီတော့ ရှေ့ကနဲ့ အခုနဲ့က ဘာကွာသလဲဆိုရင် အခုလိုဖြစ်သွားတော့ တစ်သက်လုံး ကြိုက်ကြိုက် မကြိုက်ကြိုက်လက်တွဲပြီး အိမ်နီးနားချင်း၊ ရေချင်းမြေချင်း ဆက်စပ်နေတဲ့ နိုင်ငံနှစ်ခု လက်တွဲပြီးပူးပေါင်းရမယ်။ အခုလို ကမ္ဘာကြီးဖြစ်ပျက်နေကြတဲ့အချိန် လက်တွဲလုပ်ရမှာကို ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်က အဲဒီဟာကိုအားမပေးဘဲ နှစ်နိုင်ငံပိုပြီးတော့ဝေးအောင်၊ ဝေးအောင်လုပ်လိုက်တယ်လို့မြင်ပါတယ်။ ရိုးရိုးအနေနဲ့မြင်တာပါ။ ဘယ်သူ့ကြောင့်မှမဟုတ်ပါဘူး။ ကမ္ဘာမှာ ပြဿနာတွေအများကြီးပါ။ အိမ်နီးနားချင်းပေါင်းလုပ်ရမယ့် အရာတွေလည်းအများကြီးပါ။ အဲဒါကို တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ချင်အောင်လုပ်တဲ့ အနေအထားလို့မြင်မိပါတယ်။

**ဒေါက်တာမြင့်သိန်း**
**မြန်မာသမိုင်းအဖွဲ့ဝင်**

ရိုဟင်ဂျာဆိုတဲ့လူမျိုးက တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလူမျိုးမရှိပါဘူး၊ ရခိုင်ရာဇဝင်မှာလည်း ဒီလူမျိုးအကြောင်းရေးထားတာမရှိဘူး၊ မြန်မာရာဇဝင်မှာလည်း ဒီလူမျိုးအကြောင်းရေးထားတာမရှိဘူး၊ မြန်မာ့ရာဇဝင်ရဲ့ အစောပိုင်းကာလမှာ လူမျိုးတစ်ရာ့တစ်ပါးအကြောင်းရေးထားတဲ့စာတမ်းပေါင်း ခြောက်စောင်လောက်ရှိတယ်၊ ဒီခြောက်စောင်လောက်ထဲမှာလည်း ဒီရိုဟင်ဂျာဆိုတဲ့လူမျိုးအကြောင်း မပါပါဘူး။ ဒါဆိုရင် ဒီကိစ္စဘယ်လိုစပြီးဖြစ်လာလဲဆိုတော့ အရင်က သူတို့ကိုခေါ်တာက ရခိုင်မွတ်ဆလင်လို့ခေါ်တယ်၊ နောက်တစ်မျိုး ဘင်္ဂါလီလို့ခေါ်တယ်၊ နောက်တစ်မျိုး စစ်တကောင်းသားလို့ခေါ်တယ်၊ တစ်ခါတစ်ခါ ခေါ်တောဆိုတဲ့ အခေါ်အဝေါ်လည်းရှိတယ်၊ ခေါ်တောဆိုတဲ့အခေါ်အဝေါ်ဆိုရင် ၁၉၈၀ ကျော်လောက်အထိအောင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ဒီနာမည်ကခေါ်နေဆဲပါ။ ဒီစကားလုံးက အဲဒီကာလတွေထဲမှာ မပေါ်သေးပါဘူး။ အင်္ဂလိပ်အထောက်အထားတွေရှိတယ်။

ကိုလိုနီခေတ်ကရေးတဲ့ အထောက်အထားတွေ၊ ခေတ်ပြိုင် အထောက်အထားတွေမှာလည်း ဒီနာမည်က မပါသေးပါဘူး။ ၁၈၇၂ ခုနှစ်မှာ အင်္ဂလိပ်တွေက မြန်မာနိုင်ငံကိုပထမဦးဆုံးစပြီး အောက်မြန်မာနိုင်ငံ ရခိုင်ဘက်မှာ သန်းခေါင်စာရင်းစကောက်တယ်၊ သန်းခေါင်စာရင်း စကောက်တာကနေပြီးတော့ နောက်ပိုင်း ၁၈၈၁ ခုနှစ်မှာ သန်းခေါင်စာရင်း တစ်ခါထပ်ကောက်တယ်၊ နောက်ပိုင်း ၁၈၈၁ ခုနှစ်ကနေ ဆယ်နှစ်တစ်ခါ၊ ဆယ်နှစ်တစ်ခါ ကောက်သွားတဲ့ သန်းခေါင်စာရင်းမှာ ၁၈၉၁၊ ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁၊ ၁၉၄၁ အထိ၊ သူတို့ကောက်တဲ့ သန်းခေါင်စာရင်းထဲမှာ လူမျိုးပါတယ်၊ လူဦးရေပါတယ်၊ ကျား၊မ ခွဲတယ်၊ အသက်အရွယ်ခွဲတယ်၊ အဲဒီလိုခွဲတဲ့အခါမှာ တိတိကျကျ ဒီရခိုင်ပြည်နယ် သန်းခေါင်စာရင်းကောက်တဲ့အထဲမှာ သူတို့သုံးတဲ့အသုံးအနှုန်းတွေမှာ ဘာလူမျိုးတွေတွေ့သလဲဆိုရင် ဘင်္ဂါလီနဲ့ စစ်တကောင်းသားဆိုပြီး ရေးထားပါတယ်။ နောက်တစ်ခါ ဟိန္ဒူစတန်ဆိုပြီးရေးထားတယ်၊ ဒီအင်္ဂလိပ်ဆိုတဲ့လူက သန်းခေါင်စာရင်းမှာ တိတိကျကျလူဦးရေ အဝင်အထွက်၊ ဘယ်လောက်ဝင်တယ်၊ ဘယ်လောက်ထွက်တယ် ဒီလိုသွားတာတောင်မှပဲ သူတို့ရဲ့စကားလုံးက ဒုတိယကမ္ဘာစစ်မတိုင်ခင်အထိအောင် ဒီနာမည်မပေါ်သေးပါဘူး။ ဒီနာမည်ပေါ်တာက တော်တော်လေးကိုနောက်ကျတယ်ဆိုတဲ့သဘောပါပဲ။ နောက်တစ်ခါ ဒါနဲ့ပတ်သက်ပြီးတော့ သေချာလေ့လာထားတဲ့ပုဂ္ဂိုလ်တစ်ယောက်က ဘာရေးထားသလဲဆိုရင် အဲဒီလူက တစ်ချိန်တုန်းက ထိုင်းနိုင်ငံရယ်၊ ဗီယက်နမ်နိုင်ငံရယ်၊ လာအိုနိုင်ငံရယ်မှာ ဗြိတိသျှသံအမတ်ကြီးအဖြစ် လုပ်ခဲ့ဖူးတဲ့လူ၊ ဒီလူက ဒီလူမျိုးနဲ့ပတ်သက်ပြီးတော့ လေ့လာတဲ့အခါမှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ သူတို့ရဲ့ဗြိတိသျှကိုလိုနီခေတ်တုန်းက အထောက်အထားတွေအကုန်လုံးကို သွားပြီးတော့ရှာတယ်။

အဲဒီလိုရှာတဲ့အခါမှာ **အစီရင်ခံစာတွေရှာတယ်၊ သန်းခေါင်စာရင်းတွေရှာတယ်၊ နောက် Report တွေရှာတယ်၊ တရားရေးစီရင်ချက်တွေမှာပါတဲ့ အထောက်အထားတွေရှာတယ်။ အဲဒီ Instruction အကုန်လုံးထဲမှာ သူရှာတဲ့အခါမှာ ဘာပြောသလဲဆိုတော့ သူတို့သိမ်းပိုက်အုပ်ချုပ်ထားခဲ့တဲ့ ရခိုင်မှာနှစ်ပေါင်း ၁၂၂ ရှိခဲ့တဲ့အထဲမှာ၊ အဲဒီအထောက်အထားတွေထဲမှာ ရိုဟင်ဂျာဆိုတဲ့စကားလုံး မတွေ့ဘူးလို့ ရေးထားပါတယ်။ ဒီလူကဘယ်သူလဲဆိုရင် Derek Tonkin ဆိုတဲ့ပုဂ္ဂိုလ်ပါ။ သူကလည်း ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးဆိုပြီး အထောက်အထားနဲ့ ပတ်သက်ပြီး ပြောထားပါတယ်။**

စာမျက်နှာ ၁၀ သို့ ✣

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ငလျင်အပြီး တည်ဆောက်ရေးလုပ်ငန်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများအား ငလျင်အပြီး ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းသို့သွားရောက်၍ ငလျင်အပြီးပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/အားကစားရုံများ သတ်မှတ်စံချိန်/စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြန်လည်ပြုပြင်ပြီးစီးနိုင်စေရေးအတွက် သက်ဆိုင်ရာကုမ္ပဏီ၊ အရည်အသွေးစစ်ဆေးသည့် (QC)ကုမ္ပဏီနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းရှိ ဗထူးမိုးလုံလေလုံအားကစားရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိုးလုံလေလုံ အားကစားရုံ ရေရှည်တည်တံ့စေရေး၊ ခိုငှက်များ မဝင်ရောက်နိုင်စေရေးအတွက် သံဆန်ခါများဖြင့် စနစ်တကျကာရံသွားရန်၊ အားကစားရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ပြည်သူများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးတို့အတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့ပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်မှ ငှားရမ်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံပိုင်ထွန်းလှဟိုတယ်သို့ သွားရောက်ကာ ခရီးသွားရာသီအတွင်း လာရောက်တည်းခိုကြသည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို တန်းပြည့်ဝန်ဆောင်မှုပေး၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုးချဲ့ဆောက်လုပ်မည့် စားသောက်ခန်းမနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်ရှိ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးများ ယခုထက်ပိုမို အဆင့်မီကောင်းမွန်စေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးရန်၊ ဟိုတယ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ လာရောက်တည်းခိုသည့် ဧည့်သည်များအတွက် စိတ်အပန်းဖြေနိုင်ရေးအတွက် မြေယာရှုခင်းအလှများကို ဆောင်ရွက်ထားရှိရန်၊ ရေကူးကန်အတွင်းရှိရေများ သန့်ရှင်းအောင်ဆောင်ရွက်ထားရှိပြီး ရေကူးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကူးနိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ၊ အစောင့်ဝန်ထမ်းများကို စနစ်တကျထားရှိရန်၊ ကားရပ်နားရန်နေရာများကိုပါ စနစ်တကျဆောင်ရွက်သတ်မှတ်ထားရှိရန်၊ ဌာနေဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်မည့် လုပ်ငန်းများကို တိုးချဲ့စီစဉ်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

✣ စာမျက်နှာ ၉ မှ

နောက်ဒီလိုပဲ ရခိုင်နဲ့ပတ်သက်ပြီးတော့ အလွန်ထင်ရှားတဲ့သုတေသီတစ်ဦးဖြစ်တဲ့ ယက်လိုင်ဒါဆိုတဲ့ပုဂ္ဂိုလ်တစ်ဦးက ဒီစကားလုံးက ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ ရေပန်းစားပြီးပေါ်ပေါက်လာတဲ့စကားလုံးဖြစ်တယ်ဆိုပြီးတော့ Oxford က ထုတ်တဲ့ အာရှဆိုင်ရာထဲမှာ Encyclopedia ရေးထားတာတွေ့ရပါတယ်။ ကျွန်တော်တို့က ဒီလူမျိုးဟာ အသစ်တီထွင်တဲ့လူမျိုးဆိုတဲ့ သဘောမျိုးဆိုတာ မှန်းဆလို့ရပါတယ်။

နောက်တစ်ချက်က ဘာလဲဆိုရင် ဒီလူမျိုးဘယ်တုန်းကပေါ်ပေါက်လာသလဲဆိုရင် ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းကျမှ ဒီနာမည် စပေါ်တာပါ။ ဒါတောင်မှပဲ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်း ဒီလူမျိုးပေါ်ပေါက်လာဖို့ အခြေခံအကြောင်းရင်းအစက ဘာကြောင့်လဲဆိုတဲ့အခါ ကျွန်တော်တို့၁၉၄၇ခုနှစ်မှာ အိန္ဒိယနိုင်ငံမှာမွတ်ဆလင်တွေက ခွဲထွက်ဖို့ကြိုးစားကြတယ်။ ကြိုးစားတဲ့အခါကြတော့ ပါကစ္စတန်နိုင်ငံဆိုပြီး သီးခြားခွဲထွက်ဖို့လုပ်တဲ့အခါမှာ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မွတ်ဆလင်တွေက အကယ်၍သာ ပါကစ္စတန်ကိုခွဲထွက်ဖို့လုပ်ခဲ့မယ်ဆိုရင် အဲဒီနိုင်ငံထဲမှာ သူတို့ပေါင်းပါရစေ၊ ပြီးတော့ အဲဒီပါကစ္စတန်ခွဲထွက်ရေးခေါင်းဆောင်ဖြစ်တဲ့ အိန္ဒိယက အလီဂျင်းနားဆိုတဲ့ပုဂ္ဂိုလ်ဆီကိုသွားပြီး တောင်းဆိုပါတယ်။ ဒါပေမဲ့ အလီဂျင်းနားက လက်မခံပါဘူး။ အဲဒါနဲ့ပတ်သက်ပြီးတော့ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းရှိခဲ့စဉ်မှာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဖို့အတွက် လန်ဒန်ကိုသွားတဲ့အခါမှာ အိန္ဒိယကိုသူခဏဝင်တယ်။ ဝင်တဲ့အခါမှာ အိန္ဒိယဝင်ပြီးတော့ အလီဂျင်းနားနဲ့ မွတ်ဆလင်ခွဲထွက်ရေးခေါင်းဆောင်နဲ့ သွားတွေ့ပါတယ်။ တွေ့တဲ့အခါ ဒီကိစ္စပြောတဲ့အခါ ဗိုလ်ချုပ် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ စိတ်ချပါ။ ကျွန်တော်တို့ သူတစ်ပါးနိုင်ငံဒေသနဲ့ပေါင်းဖို့ ဘယ်တော့မှဆန္ဒမရှိဘူး။ အဲဒီထဲကခွဲထွက်ဖို့ကြိုးစားတဲ့သူတွေကို အားလုံးကို ဆန့်ကျင်တယ်။ ဗိုလ်ချုပ်ဒါနဲ့ပတ်သက်ပြီး ပူစရာမလိုဘူးလို့ သူကပြောလိုက်ပါတယ်။ အဲဒီလိုသွားပြီးတော့ပေါင်းဖို့ ကြိုးစားတဲ့ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မွတ်ဆလင်အဖွဲ့တွေကနောက်ဆုံးတော့ သူတို့ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုပြီး ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါမှာ မြန်မာပြည်ထဲမှာ သီးခြားတောင်းဆိုလို့ရမယ့်အနေအထားမျိုးကို စဉ်းစားလာကြပါတယ်။

အဲဒီမှာ ပြဿနာက ဘာဖြစ်လာသလဲဆိုတဲ့အခါ ၁၉၄၈ ခုနှစ် ကျွန်တော်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ရခိုင်မှာရှိနေတဲ့ ရခိုင်တိုင်းရင်းသားခေါင်းဆောင်တွေကနေပြီးတော့ သီးခြားပြည်နယ်အဖြစ်နဲ့ လွတ်လပ်တဲ့ဒေသအဖြစ် တောင်းဆိုမှု စလုပ်ပါတယ်။ လုပ်လာတော့ ဘင်္ဂါလီတွေက ဘာစဉ်းစားလဲဆိုတော့ အကယ်၍သာ ရခိုင်ကို သီးခြားပြည်နယ် သီးခြားလွတ်လပ်မှုပေးလိုက်မယ်ဆိုရင် သူတို့အပေါ်မှာ ပိုပြီးဖိနှိပ်မှုတွေ များလာမှာဖြစ်တဲ့အတွက်ကြောင့် ငါတို့လည်း သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းမယ်ဆိုပြီး စပြီးကြံစည်လာတယ်။ သူတို့က ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုပြီးတော့ စပြီးစဉ်းစားလာကြတယ်။

အဲဒီစဉ်းစားတဲ့အထဲမှာ တစ်ချက်က ၁၉၄၈ ခုနှစ်လောက်က မူဂျာဟစ်ခေါင်းဆောင်ကနေပြီးတော့ သူတို့လူမျိုးတွေနဲ့ပတ်သက်ပြီးတော့ တောင်းဆိုမှုစလုပ်လာတယ်။ လုပ်လာတဲ့အခါမှာ အဲဒီ မွတ်ဆလင်လွတ်မြောက်ရေးခေါင်းဆောင်က မွတ်ဆလင်ညီလာခံမှာ သူက ဘာတောင်းဆိုသလဲဆိုတော့ သူတို့ကို ရခိုင်မွတ်ဆလင်အဖြစ်နဲ့ ပြည်နယ်ပေးဖို့ စတောင်းလာတယ်။ နောက်တစ်ခါ ၁၉၅၁ ခုနှစ်မှာထင်တယ်။ မောင်တောမှာရှိနေတဲ့ အလယ်သံကျော်ရွာမှာ မွတ်ဆလင်ညီလာခံလုပ်တဲ့အခါမှာလည်း ဘင်္ဂါလီတွေကို သီးခြားပြည်နယ်ပေးဖို့တောင်းဆိုလာတယ်။ တောင်းလာတဲ့အခါမှာလည်း ရိုဟင်ဂျာဆိုတဲ့စကားလုံးမပါသေးဘူး။ သူတို့ကို သီးခြားပြည်နယ်ပေးပါ။ သူတို့ကို သီးခြားဆောင်ရွက်ဖို့အတွက် ရခိုင်မွတ်ဆလင်ဆိုပြီး နာမည်ခေါ်ခွင့်ပေးပါဆိုပြီးပဲ တောင်းတာပဲလုပ်ကြတာ။

ရခိုင်မွတ်ဆလင်ဆိုတဲ့အခေါ်အဝေါ်ကို ရခိုင်တိုင်းရင်းသားတွေက မကြိုက်ကြဘူး။ ဘာလို့လဲဆိုတော့ သူတို့ရခိုင်တိုင်းရင်းသားထဲမှာ မွတ်ဆလင်မရှိဘူး၊ ဒါကြောင့်မို့ သူက အဲဒီနေရာမှာတင် လက်မခံဘူးဖြစ်ကြတာ။ ကျွန်တော်တို့က အဲဒီအချိန်တုန်းက ခေါ်ကြတာက စစ်တကောင်းသားတို့၊ ဘင်္ဂါလီတို့၊ ရခိုင်မွတ်ဆလင်တို့ ခေါ်တောတို့ ခေါ်ကြတဲ့အထဲမှာ သူတို့ကြိုက်တာ ရခိုင်မွတ်ဆလင်ဆိုတဲ့ဒီနာမည်ကို ကြိုက်တာ။ ဒါပေမဲ့ ရခိုင်တိုင်းရင်းသားတွေက လက်မခံဘူး။ ဒါကြောင့် နာမည်အသစ်တစ်ခု စဉ်းစားလာကြတယ်။

စဉ်းစားတဲ့အခါမှာ ၁၉၅၀ ပြည့်နှစ်လောက်မှာ ဒီနာမည်စပြီးတော့ တွင်တွင်ကျယ်ကျယ် စဖြစ်လာပြီ။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၄၈ ခုနှစ် ကျော်ကျော်လောက်မှာ ပထမဆုံးစပြီးတော့ ရွှင့်ကျ ဆိုတဲ့စကားလုံး စသုံးလာတယ်။ တစ်နေရာကနေလွင့်လာတဲ့ဒုက္ခသည်တွေကိုပြောတာ။ နောက်ပိုင်းလွှတ်တော်ထဲမှာတက်လာတဲ့ အဗ္ဗဒူဂဖားဆိုတဲ့ပုဂ္ဂိုလ်က ၁၉၅၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်မှာ လွှတ်တော်ထဲမှာပြောလာတယ်။ သူတို့လူမျိုးတွေကို ရိုဟင်ဂျာဆိုတဲ့စကားလုံး သုံးလာတယ်။ ဒီသုံးလာတာနဲ့အတူတူပဲ တစ်ချိန်တည်းမှာပဲ ဂါးဒီးယန်းသတင်းစာမှာ သူက အကျယ်တဝင့် ရိုဟင်ဂျာသမိုင်းဆိုတဲ့သဘောမျိုးနဲ့ သူကဆောင်းပါးတစ်စောင်ရေးတယ်။ အဲဒီဆောင်းပါးကို အဗ္ဗဒူဂဖားတာက ဆူဒေတန်မွတ်ဆလင်ဆိုပြီး သူကရေးတာ။ ရေးတော့ ၁၉၅၁ ခုနှစ်လောက်မှာ ဂါးဒီးယန်းသတင်းစာမှာ ပါလာပြီးတော့ ၁၉၆၀ ပြည့်နှစ် မေလလောက်ကျတော့ အမ်အေတဟီဘာသာဆိုပြီးတော့ နောက်တစ်ယောက်ကရေးတယ်။ ဒီလိုပဲ ရိုဝန်းညှာဆိုပြီးတော့ အဲဒီမှာလည်း ရိုဟင်ဂျာမဟုတ်သေးဘူး။ ရိုဝန်းညှာဆိုတဲ့လူမျိုး ဘယ်လိုပေါ်ပေါက်လာတယ်ဆိုတာ ဂါးဒီးယန်းသတင်းစာမှာ တစ်ခါရေးတယ်။

**တစ်နည်းအားဖြင့် ၁၉၅၀ ကျော်လောက်မှ ဒီနာမည်က ထင်ထင်ရှားရှားစတင်ဖန်တီးလာတာ။ ဒီဟာဆိုရင် တိုင်းရင်းသားမဟုတ်တာသေချာသွားပြီ။ ဒီလူမျိုးဟာ နောက်မှ တမင်တကာဖန်တီးယူတဲ့လူမျိုးဖြစ်တယ်ဆိုတာလည်း သေချာသွားပြီ။ ၁၉၅၃ ခုနှစ် စစ်တွေမှာ သန်းခေါင်စာရင်းကောက်တဲ့အချိန်မှာ စစ်တကောင်းဘက်ကနေပြီးတော့ ဝင်လာတဲ့သူတွေကို ဘူးသီးတောင်– မောင်တောကလူတွေက အကုန်လုံးလက်ခံတယ်။ လာခိုင်းပြီးတော့ သန်းခေါင်စာရင်းထဲမှာ အတင်းထည့်ကြတယ်။ ထည့်တဲ့အခါ လူမျိုးဆိုတဲ့နေရာမှာ တချို့က ရခိုင်မွတ်ဆလင်ဆိုပြီး ထည့်တယ်၊ တချို့က ရိုဟင်ဂျာဆိုတာထည့်တယ်။**

**ဒါကြောင့်မို့ ကျွန်တော်တို့က သူတို့သုံးတဲ့စကားလုံးက ဒီအနောက်တိုင်းမှာရှိတဲ့ သုတေသီပညာရှင်တွေပြောသလို ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ စပြီးတော့ပေါ်ပေါက်လာခဲ့တာ လူမျိုးနာမည်အတုတစ်ခုဖြစ်တယ်ဆိုတာ မှန်းလို့ရတယ်။ တမင်တကာလုပ်ပြီး နိုင်ငံရေးအရ တမင်တကာဖန်တီးပြီးရယူတယ်ဆိုတာကို မှန်းဆလို့ရတယ်။**

---

## မြဝတီမြို့၌ ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ထိခိုက်ခဲ့သည့်ပြည်သူငါးဦးအား ထောက်ပံ့ပေးအပ်



**မြဝတီ ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အာရှလမ်းမကြီးရှိ ဒေါ်ညွန့်ရီစတိုးဆိုင်ရှေ့နှင့် ရတနာထွန်းရွှေဆိုင်ရှေ့တို့တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က မိုင်းဟုယူဆရသော ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ထိခိုက်ခဲ့သည့် ပြည်သူငါးဦးအား ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က အမှတ် (၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်၊ အမှတ်(၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစည်လှိုင်တို့က မိုင်းဟုယူဆရသော ပေါက်ကွဲမှုဖြစ်စဉ်တွင် သေဆုံးသူပြည်သူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ ဒဏ်ရာရရှိသူ ပြည်သူလေးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၀၀၀၀၀၊ ပြည်သူငါးဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# သင်ယူလိုစိတ်ရယ် ၂၁ ရာစုရယ် စမတ်ဖုန်း AI ရယ်

မောင်မောင်လင်း

**“ပထမအရွယ်မှာ ပညာရှာ” ဆိုတဲ့ ဆိုရိုးစကားနဲ့ ကျွန်တော်တို့ ကြီးပြင်းခဲ့ကြရပါတယ်။ ဒါပေမဲ့ “ပညာလို အိုသည်မရှိ” စကားအတိုင်း ပညာရှာဖို့ဆိုတာ အရွယ်နဲ့မဆိုင်ဘူးဆိုတဲ့ သာဓကတစ်ခု ပုဂံခေတ်ကတည်းက ရှိခဲ့ဖူးပါတယ်။ နရသီဟပတေ့မင်းလက်ထက်မှာ အသက် ၆၀ ကျော်မှ ရဟန်းဝတ်ပြီး စာပေကျမ်းဂန်တွေကို အပတ်တကုတ်လေ့လာခဲ့တဲ့ ရဟန်းကြီးတစ်ပါးအကြောင်းပါ။ “ကျည်ပွေ့အတက်ပေါက်ပြီ” ဆိုတဲ့ ဇာတ်လမ်းနဲ့အတူ သူဟာ မကြာခင်မှာပဲ ကျမ်းတတ်တစ်ဆူဖြစ်လာခဲ့တာကို ကျွန်တော်တို့ ငယ်ငယ်ကတည်းက သင်ခဲ့ဖူးကြပါတယ်။**

အတိတ်ကာလတွေတုန်းကတော့ ပညာခရီးဆိုတာ တကယ်ကို အလှမ်းဝေးလှပါတယ်။ သင်ယူလိုစိတ် ဘယ်လောက်ရှိရှိ ပညာရေးဗဟိုချက်/ သင်တန်းကျောင်းရှိတဲ့ အရပ်ဒေသကို အချိန်တွေ၊ ငွေတွေ အရင်းအနှီးပြုပြီး သွားရောက်သင်ယူခဲ့ကြရတာပါ။ အခြေအနေမပေးလို့ ပညာရေးကို ခရီးလမ်းတစ်ဝက်ကနေ လက်လျှော့လိုက်ရသူတွေလည်း ဒုနဲ့ဒေးရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ ၂၁ ရာစုမှာတော့ အဲဒီအခက်အခဲတွေက အသိပညာရယူဖို့အတွက် ကြီးမားတဲ့ အတားအဆီး မဟုတ်တော့ပါဘူး။

**အသိပညာရဲ့ ပုံစံပြောင်းလဲမှုနဲ့ အသိပညာစီမံခန့်ခွဲမှုစနစ် (KM) ဆိုရာဝယ်**

အင်တာနက်ပေါ်ပေါက်လာခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ အသိပညာ စီမံခန့်ခွဲမှုစနစ် (Knowledge Management – KM)ကို လူအများသုံးစွဲခွင့် ရရှိလာပါတယ်။ ဒီနည်းပညာပြောင်းလဲမှုက လူသားတို့ရဲ့ “အသိပညာ” ကို ရှာဖွေပုံ၊ လက်ခံပုံနဲ့ စီမံခန့်ခွဲပုံတွေကို အကြီးအကျယ် ပြောင်းလဲစေခဲ့ပါတယ်။ အရင်ကတော့ ဆရာသင်တာကို ငြိမ်ငြိမ်လေးနားထောင်၊ မှတ်သားတဲ့ အဆင့်ပါပဲ။ အခုခေတ်မှာတော့ အသိပညာဆိုတာ နေရာတိုင်းမှာ ပြန့်ကျဲနေပြီး ကိုယ်တိုင်လိုက်ရှာ၊ ကိုယ်တိုင်ဆန်းစစ်ရတဲ့ခေတ်ကို ရောက်လာပါပြီ။

ယခင်တုန်းကလို အချက်အလက်တွေကို ခေါင်းထဲထည့်ပြီး အလွတ်ကျက်နေရမယ့်ခေတ် မဟုတ်တော့ပါဘူး။ သတင်းအချက်အလက်တွေက စာတမ်းတွေ၊ ဗီဒီယိုတွေအဖြစ် အင်တာနက်ပေါ်မှာ ပေါများလွန်းလှပါတယ်။ အရေးကြီးတာက အဲဒီ “ဒေတာ” (Data) တွေကို “သတင်းအချက်အလက်” (Information) အဖြစ် ပြောင်းလဲ၊ ပြီးတော့မှ “အသိပညာ” (Knowledge) အဖြစ် အသုံးချပြီး အဲဒီကနေ မှတစ်ဆင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်တဲ့ “ပညာဉာဏ်” (Wisdom) ဖြစ်အောင် ပြောင်းလဲနိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဥပမာပြောရရင် ဟင်းချက်စရာကုန်ကြမ်း (Data) တွေ လက်ထဲရောက်လာပြီဆိုရင် ဒါကို ဟင်းတစ်ခွက်ဖြစ်အောင် ချက်ပြုတ်တတ်ဖို့ (Information)၊ အရသာရှိအောင် စီမံတတ်ဖို့(Knowledge)နဲ့ ဘယ်သူနဲ့တော့ တည့်တယ်၊ မတည့်ဘူး ဆုံးဖြတ်နိုင်ဖို့ (Wisdom) ဆိုတဲ့ အဆင့်ထိ ရောက်အောင်သွားရမယ့် ခေတ်ဖြစ်ပါတယ်။ ဒါဟာ ၂၁ ရာစု သင်ယူမှုစနစ်ရဲ့ အခြေခံဖြစ်ပြီး ဒီလိုလုပ်နိုင်ဖို့ မရှိမဖြစ် လိုအပ်တဲ့ အရည်အချင်းတွေကတော့–

(က) ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်း (Critical Thinking)၊

(ခ) ပြဿနာဖြေရှင်းခြင်း (Problem Solving)၊

(ဂ) ကိုယ်တိုင်ဦးဆောင်ပြီး သင်ယူနိုင်ခြင်း (Self-Directed Learning)။

ဒါကြောင့် အသိပညာကို စနစ်တကျစုဆောင်းခြင်း၊ သီးခြားခွဲခြမ်းစိတ်ဖြာခြင်းနဲ့ ပြန်လည်အသုံးချနိုင်ဖို့ စီမံခြင်းဆိုတဲ့ အသိပညာစီမံခန့်ခွဲမှု (KM) ရဲ့ အရေးပါမှုက သိသိသာသာ မြင့်တက်လာပါတယ်။ KM ဟာ စဉ်ဆက်မပြတ်သင်ယူမှုကို တိုးတက်စေဖို့အတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာပြီး အင်တာနက်က Raw Data ကို အသုံးဝင်တဲ့ Information အဖြစ် ပြောင်းလဲပေးတဲ့လုပ်ငန်းစဉ်ရဲ့လည်ပတ်နှုန်း (Speed) ကိုပါ သိသိသာသာ မြှင့်တင်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

**၂၁ ရာစု သင်ယူမှု၊ အသိပညာစီမံခန့်ခွဲမှုစနစ် (KM)နဲ့ AI (ဉာဏ်ရည်တု)နည်းပညာဆက်စပ်မှု**

၂၁ ရာစု သင်ယူမှုရဲ့ အဓိကရည်မှန်းချက်က အသိပညာ (Knowledge-K)၊ ကျွမ်းကျင်မှု (Skill-S) နှင့် စိတ်ထားခံယူမှု (Attitude-A) ဆိုတဲ့ KSA ကို စုစည်းပေါင်းစပ်ကာ လက်တွေ့အလုပ်လုပ်နိုင်တဲ့ စွမ်းဆောင်ရည်အဖြစ် ဖော်ဆောင်ပေးခြင်းဖြစ်ပါတယ်။ AI ဟာ အချက်အလက်အများအပြားကို ချက်ချင်းခွဲခြမ်းစိတ်ဖြာပြီး အသိပညာ ဖန်တီးပေးနိုင်ခြင်းနဲ့ အချက်အလက်ရှာဖွေခြင်း (Retrieval) ကို အလိုအလျောက်လုပ်ဆောင်ပေးခြင်းတို့ဖြင့် ထိရောက်မှု (Efficiency)ကို ပိုမိုရရှိစေပါတယ်။

AI ဟာ ၂၁ ရာစု သင်ယူမှု အယူအဆတွေဖြစ်တဲ့ ကိုယ်ပိုင်နှုန်းထားနဲ့ သင်ယူခြင်း (Self-Paced Learning)၊ ပန်းတိုင်အခြေပြုသင်ယူခြင်း (Goal-Oriented Learning)တို့ကို လက်တွေ့အသုံးချနိုင်ဖို့ အဓိကနည်းလမ်းလေးခုနဲ့ ပံ့ပိုးပေးပါတယ်–

(က) **ပုဂ္ဂိုလ်ရေးအရ ချိန်ညှိထားတဲ့ တိကျတဲ့သင်ယူမှု (Personalized & Precise Learning)**။ AI ရဲ့ အဓိကအားသာချက်ကတော့ သင်ယူမှုကို အောက်ပါအတိုင်း လူတစ်ဦးချင်းစီရဲ့ လိုအပ်ချက်နဲ့ ထပ်တူကျစေနိုင်ပါတယ်–

(၁) **ကိုယ်ပိုင် AI နည်းပြ (Personal AI Tutor) အဖြစ် အသုံးချနိုင်ခြင်း**။ AI Chatbot သို့မဟုတ် ကိရိယာတွေကို အသုံးပြုခြင်းဖြင့် သင်ယူသူရဲ့ မေးခွန်းတိုင်းကို အချိန်နဲ့တစ်ပြေးညီ ဖြေဆိုပေးနိုင်တဲ့ ၂၄ နာရီပတ်လုံး သင်ယူနိုင်တဲ့ ကိုယ်ပိုင်အကူနည်းပြအဖြစ် အသုံးချနိုင်ခြင်း။

(၂) **တိကျတဲ့ အကြောင်းအရာ ရွေးချယ်ပေးခြင်း**။ သုံးစွဲသူရဲ့ စိတ်ဝင်စားမှု၊ လိုအပ်ချက်နဲ့ ပညာရည်အဆင့်ကိုလိုက်ပြီး သင်ခန်းစာတွေကို ညှိပေးခြင်း၊ ဘာကို ဘယ်လိုပုံစံနဲ့ သင်ယူရမယ်ဆိုတာကို အလိုအလျောက် အကြံပြုပေးနိုင်ခြင်း။

(၃) **အချက်အလက်မှ အသိပညာထုတ်ပေးခြင်း**။ AI က အချက်အလက်(Data)တွေက တိကျတဲ့အသိပညာ (Knowledge) ကို ထုတ်ပေးခြင်းဖြင့် သင်ယူမှု လိုအပ်ချက်နဲ့သင်ယူမှုနည်းလမ်း ထပ်တူကျစေခြင်း။

(ခ) **မိုဘိုင်းနဲ့ အချိန်မရွေး၊ နေရာမရွေး လွယ်ကူစွာသင်ယူနိုင်ခြင်း (Mobile On-the-Go Learning)**။ AI နည်းပညာနဲ့ စမတ်ဖုန်းပေါင်းစပ်မှုက သင်ယူမှုဆိုင်ရာ လက်လှမ်းမီနိုင်မှု (Ease of Access) ကို အမြင့်ဆုံးအထိ ဆောင်ကြဉ်းပေးနိုင်တဲ့ အချက်တွေကတော့–

(၁) **စွမ်းဆောင်ရည်မြင့် ကွန်ပျူတာ မလိုအပ်ခြင်း**။ စမတ်ဖုန်းပိုင်ဆိုင်မှုနှုန်းများပြားတာကြောင့် သုံးစွဲသူအနေနဲ့ စွမ်းဆောင်ရည်မြင့် ကွန်ပျူတာ/လက်ပ်တော့ မလိုအပ်တော့ဘဲ လက်ထဲရှိ ဖုန်းတစ်လုံးတည်းနဲ့ AI ကို အပြည့်အဝ အသုံးပြုကာ လေ့လာသင်ယူမှု မြောက်မြားစွာကို လုပ်ဆောင်နိုင်ခြင်း၊

(၂) **နေရာမရွေး၊ အချိန်မရွေးသင်ယူနိုင်ခြင်း**။ AI က လက်တွဲဖော်အဖြစ် စမတ်ဖုန်းထဲကို ရောက်ရှိလာခြင်းကြောင့် သင်ယူမှုဟာ စာသင်ခန်း သို့မဟုတ် ကွန်ပျူတာထဲမှာသာ ကန့်သတ်မနေတော့ဘဲ ဘယ်နေရာ၊ ဘယ်အချိန်မဆို (On the Go) ဖြစ်လာခြင်း၊

(၃) **နေ့စဉ်သုံး အက်ပ်များမှာ AI ပေါင်းစပ်ပါဝင်မှု**။ AI Chatbot တွေအပြင် Google Translate ၊ မှတ်စုမှတ်တဲ့အက်ပလီကေးရှင်း (ဥပမာ– Google Keep, OneNote) စတဲ့ နေ့စဉ်သုံးအက်ပ်တွေမှာ AI ပေါင်းစပ်ပါဝင်လာတာကြောင့် သုံးစွဲသူဟာ AI ကို သီးခြားခွဲထုတ်ပြီး သုံးစွဲဖို့မလိုအပ်တော့ဘဲ နေ့စဉ်လုပ်ငန်းဆောင်တာတွေမှာ သဘာဝအတိုင်း ထည့်သွင်းအသုံးပြုနိုင်ခြင်း။

(ဂ) **AI နဲ့ စဉ်ဆက်မပြတ် Micro-learning ပြုလုပ်ပြီး စွမ်းဆောင်ရည် မြှင့်တင်ခြင်း (Continuous Competency Development)**။ KM ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်တဲ့ စဉ်ဆက်မပြတ်သင်ယူမှု (Continuous Learning) နဲ့ လက်တွေ့အသုံးချနိုင်တဲ့ စွမ်းဆောင်ရည် (Applicable Competency) ကို AI က အောက်ပါအတိုင်း ပံ့ပိုးပေးပါတယ်–

(၁) **ရွေ့လျားအချိန်တိုသင်ယူမှု (Micro-learning on the go)**။ ဘတ်စ်ကားစီးရင်း၊ ကော်ဖီသောက်ရင်း စတဲ့ အချိန်တိုလေးတွေအတွင်း အသိပညာအပိုင်းအစလေး (Micro-content)တွေကို ဖုန်းထဲရှိ AI နဲ့ လေ့လာနိုင်ခြင်းဖြင့် အချိန်အားလပ်မှု နည်းပါးသူတွေအတွက် စဉ်ဆက်မပြတ်သင်ယူမှုကို အထောက်အကူပြုခြင်း၊

(၂) **ကိုယ်ပိုင်လက်ကိုင်စာကြည့်တိုက် (Personal Knowledge Library)**။ AI ဟာ သင်ယူရုံသာမက ကိုယ်သင်ယူလိုက်တဲ့ အသိပညာတွေကို စနစ်တကျစုစည်း၊ သိမ်းဆည်းပြီး ပြန်လည်အသုံးပြုနိုင်အောင် ကူညီပေးနိုင်တာကြောင့် Personal Knowledge Library on Your Phone ဖြစ်လာခြင်း၊

(၃) **လက်တွေ့နယ်ပယ်သုံး အသိပညာဖော်ထုတ်သင်ကြားခြင်း**။ ဆုံးဖြတ်ချက်ကို အထောက်အကူပြုတဲ့ အသိပညာ (Decision-Support Knowledge) နဲ့ လက်တွေ့နယ်ပယ်သုံးအသိပညာ (Tacit Knowledge) ကို ဖော်ထုတ်သင်ကြားပေးခြင်းဖြင့် သင်ယူမှုရဲ့ သဘောထား (Attitude) အထိ ပြောင်းလဲစေနိုင်ပြီး လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးတက်စေခြင်း။

(ဃ) **ဘက်စုံသုံး မိုဘိုင်းပညာရေးလက်ထောက် (Versatile Mobile Assistant)**။ စမတ်ဖုန်းထဲမှ AI ဟာ သင်ယူသူတွေအတွက် ဘက်စုံသုံးလက်ထောက်အဖြစ် အောက်ပါအတိုင်း တာဝန်ယူနိုင်ပါတယ်–

(၁) **သုတေသနလက်ထောက်**။ AI ကို မေးခွန်းမေးမြန်းခြင်း၊ အချက်အလက် **စာမျက်နှာ ၁၂ သို့** ❖

**❝၂၁ ရာစု ပညာရေးခရီးဟာ အသိပညာရယူခြင်းထက် စီမံခန့်ခွဲနိုင်မှု၊ လက်တွေ့အသုံးချနိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုအပေါ် ပိုမိုအာရုံစိုက်လာပါတယ်။ ဒီခရီးလမ်းမှာ စမတ်ဖုန်းနဲ့ AI ဟာ အင်အားကြီးမားတဲ့ မိတ်ဖက်များအဖြစ်ပါဝင်နေပြီး ဒစ်ဂျစ်တယ်နည်းပညာကြောင့် မြို့ပြ၊ ကျေးလက်မခွဲဘဲ ကမ္ဘာ့အဆင့်မီပညာရပ်တွေကို လွယ်ကူစွာလေ့လာနိုင်မှာ ဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု(Critical Thinking)နဲ့ ကျင့်ဝတ်နဲ့အညီအသုံးချမှု (Ethical Use) ကို အခြေခံပြီး AI ကို အသုံးချနိုင်ဖို့ ဖြစ်ပါတယ်။ ပညာရေးခရီးမှာ AI ကို အထောက်အကူအဖြစ်သာအသုံးချသင့်ပြီး ပညာရဲ့တန်ဖိုးကို အမှန်တကယ်ဖန်တီးနိုင်သူကတော့ လူသားပဲဖြစ်❞**

❖ စာမျက်နှာ ၁၁ မှ

ရှာဖွေခိုင်းခြင်းတို့ဖြင့် လက်ကိုင်စမတ်ဖုန်းကို ကိုယ်ပိုင်သုတေသနလက်ထောက်တစ်ဦးလို အသုံးပြုနိုင်ခြင်း။

(၂) **မိုဘိုင်း ဘာသာပြန်/ စကားပြန်**။ ဘာသာပြန်ခြင်း၊ အနှစ်ချုပ်ခြင်းဖြင့် နိုင်ငံတကာအရင်းအမြစ်တွေကို လက်လှမ်းမီစေပြီး ဘာသာစကားအတားအဆီးကို ဖြေရှင်းပေးနိုင်ခြင်း။

(၃) **ကိုယ်ရေးလက်ထောက်၊ ဆွေးနွေးဖက်၊ တိုင်ပင်ဖော်**။ မှတ်ဉာဏ်အားဖြည့်ခြင်း၊ အစီအမံပြုလုပ်ခြင်းတွေအတွက် ကိုယ်တိုင်ရေးဒိုင်ယာရီအဖြစ် အသုံးချနိုင်သလို မိမိရဲ့ စဉ်းစားတွေးခေါ်မှု မြှင့်တင်ရာမှာလည်း ဆွေးနွေးဖက်၊ တိုင်ပင်ဖော်အဖြစ် အသုံးပြုနိုင်ခြင်း။

**AI ရဲ့ စိန်ခေါ်မှုများမှ အခွင့်အလမ်းဖြစ်လာစေခြင်း**

၂၁ ရာစု သင်ယူမှု၊ Knowledge Management (KM)နဲ့ AI နည်းပညာ ပေါင်းစပ်အသုံးချမှုဟာ ပညာရေးအတွက် အလွန်အရေးပါပေမယ့် စိန်ခေါ်မှုတွေကတော့ မရှိမဖြစ်ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုစိန်ခေါ်မှုတွေဟာ မိမိအတွက်တိုးတက်မှုဖြစ်စေမယ့် အခွင့်အလမ်းအဖြစ် ပြန်လည်အသုံးချနိုင်ပါတယ်–

(က) **နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ**

(၁) **AI စိတ်ကူးယဉ်မှု (AI Hallucination) နဲ့ ဘက်လိုက်မှု**။ AI က မမှန်ကန်တဲ့ အချက်အလက်တွေ ထုတ်ပေးနိုင်တဲ့အပေါ် ဖြေရှင်းရာကနေ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနဲ့ ရင်းမြစ်တိုက်ဆိုင်စစ်ဆေးမှု ကျွမ်းကျင်မှုတွေ တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

(၂) **Citation အားနည်းမှု**။ ကိုးကားချက် မပြည့်စုံနိုင်တာကို ဖြေရှင်းရာမှ ပညာရေးသမာဓိနဲ့ အချက်အလက်စစ်ဆေးမှုစွမ်းရည်တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

(၃) **သတင်းအချက်အလက် လုံခြုံရေး**။ ကိုယ်ရေးကိုယ်တာအချက်အလက် စိုးရိမ်စရာရှိလာတာနဲ့အမျှ ဒစ်ဂျစ်တယ် စာတတ်မြောက်မှုနဲ့ ဒေတာကို ကျင့်ဝတ်နဲ့အညီ ကိုင်တွယ်ထိန်းသိမ်းတတ်မှုအရည်အချင်း တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

(ခ) **လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများ**

(၁) **ဒစ်ဂျစ်တယ်ကွာဟမှု**။ အင်တာနက်မရှိသူတွေ အခက်အခဲရှိတာကနေ အော့ဖ်လိုင်း (Offline)အသုံးပြုလို့ရတဲ့ လူမှုအသိုင်းအဝိုင်း သင်ယူမှုအက်ပ်တွေ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

(၂) **လူအချင်းချင်းဆက်ဆံရေးကျဆင်းမှု**။ AI ကို အလွန်အကျွံ မှီခိုနေတာကိုလျှော့ချနိုင်စေဖို့ စုပေါင်းဆောင်ရွက်မှုနဲ့ စာဖတ်ဝိုင်းတွေ တိုးမြှင့်လုပ်ဆောင်လာကြမှာ ဖြစ်ပါတယ်။

(၃) **အလုပ်အကိုင်များ ပြောင်းလဲခြင်း**။ AI ကြောင့် အလုပ်အချို့ ပျောက်ကွယ်နိုင်သလိုပဲ အလုပ်အသစ်တွေလည်း ပေါ်ထွက်လာနိုင်ပါတယ်။

(ဂ) **ပညာရေးဆိုင်ရာ စိန်ခေါ်မှုများ**

(၁) **စာကူးချမှု ပြဿနာရှိနိုင်ခြင်း**။ AI ကို အိမ်စာအတွက် သုံးနေပေမယ့် ကျင့်ဝတ်စည်းမျဉ်းချမှတ်ထားတာနဲ့အညီ လိုက်နာလုပ်ဆောင်စေမှု တိုးတက်နိုင်ပါမယ်။

(၂) **တွေးခေါ်မှု လျော့ပါးခြင်း**။ အဖြေကို AI မှ ထုတ်ယူတယ်ဆိုပေမယ့်လည်း အမှား/အမှန် ဝေခွဲတတ်မှု အလေ့အထ တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

(၃) **စစ်ထုတ်ခံပူဖောင်းနဲ့ ပဲ့တင်သံခန်းဖြစ်ပေါ်ခြင်း**။ AI Algorithm က သုံးစွဲသူရဲ့ စိတ်ဝင်စားမှုကိုသာ အခြေခံပြီး အချက်အလက်စစ်ထုတ်ပေးတာမျိုးကြောင့် သုံးစွဲသူဟာ မတူညီတဲ့အမြင်တွေကို မတွေ့နိုင်တဲ့ အခက်အခဲရှိနိုင်ပေမယ့်လည်း အမြင်ကျယ်ကျယ်နဲ့ လေ့လာတတ်မှု၊ အရင်းအမြစ်များစွာကို အသုံးချတတ်မှု တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

**ကျော်လွှားနိုင်မယ့် နည်းလမ်းများ**

(က) **သံသယစိတ်ထား မွေးမြူခြင်း (Cultivating a Skeptical Mindset)**။ AI ထုတ်ပေးတဲ့ အချက်အလက်ကို အမြဲတမ်းစစ်ဆေးပြီး “Why” နဲ့ “How” မေးခွန်းတွေ အသုံးချခြင်းဖြင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု (Critical Thinking) ကို တိုးတက်စေပါတယ်။

(ခ) **ကျင့်ဝတ်နဲ့ တာဝန်ယူမှုရှိတဲ့ အသုံးပြုခြင်း (Ethical & Responsible Use)**။ AI ကို မူကြမ်း (Draft) အတွက်သာ အသုံးချပြီး ကိုယ်ပိုင်အသံ (Personal Voice) နဲ့ မူရင်းဖန်တီးမှု (Originality) ထည့်သွင်းသင့်ပါတယ်။ Sensitive Data မထည့်ခြင်းက Data Privacy ကို ထိန်းသိမ်းနိုင်စေပြီး Digital Citizenship ကို တိုးတက်စေပါတယ်။

(ဂ) **ကျွမ်းကျင်မှုအသစ်များ တည်ဆောက်ခြင်း (Building New Skills)**။ AI ကို ထိရောက်စွာအသုံးချနိုင်ဖို့ ကောင်းမွန်တဲ့ မေးခွန်း (Effective Prompts) ရေးသားတတ်ခြင်းဟာ Digital Literacy ရဲ့ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာပါတယ်။

(ဃ) **၂၁ ရာစု ကျွမ်းကျင်မှုမူဘောင်နဲ့အညီ အနုစားကျွမ်းကျင်မှု (Soft Skills) မြှင့်တင်ခြင်း**။ AI ကို အသုံးချတဲ့အခါ စာနာထောက်ထားတတ်မှု၊ လူအချင်းချင်းဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ ခေါင်းဆောင်မှုစွမ်းရည်တွေကို တိုးတက်အောင် လေ့ကျင့်သင့်ပါတယ်။

ခြုံပြီးပြောရရင် AI နည်းပညာဟာ ပညာရေးအတွက် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပေမယ့် စိန်ခေါ်မှုတွေလည်း ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ စိန်ခေါ်မှုတိုင်းကို အပြုသဘောနဲ့ချဉ်းကပ်ပြီး အခွင့်အလမ်းအဖြစ် ပြန်လည်အသုံးချနိုင်ပါတယ်။ ဒါကြောင့် AI ကို သင်ယူမှုအတွက် အကျိုးရှိအောင်၊ တာဝန်ယူမှုရှိအောင် အသုံးချတဲ့အခါ ၂၁ ရာစုသင်ယူမှုရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ သင်ယူမှုမှလက်တွေ့အလုပ်လုပ်နိုင်တဲ့ စွမ်းဆောင်ရည်(Competence)ကို ပြောင်းလဲရာမှာ အောင်မြင်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၂၁ ရာစု ပညာရေးခရီးဟာ အသိပညာရယူခြင်းထက် စီမံခန့်ခွဲနိုင်မှု၊ လက်တွေ့အသုံးချနိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုအပေါ် ပိုမိုအာရုံစိုက်လာပါတယ်။ ဒီခရီးလမ်းမှာ စမတ်ဖုန်းနဲ့ AI ဟာ အင်အားကြီးမားတဲ့ မိတ်ဖက်များအဖြစ်ပါဝင်နေပြီး ဒစ်ဂျစ်တယ်နည်းပညာကြောင့် မြို့ပြ၊ ကျေးလက်မခွဲဘဲ ကမ္ဘာ့အဆင့်မီပညာရပ်တွေကို လွယ်ကူစွာလေ့လာနိုင်မှာ ဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု(Critical Thinking)နဲ့ ကျင့်ဝတ်နဲ့အညီအသုံးချမှု (Ethical Use) ကို အခြေခံပြီး AI ကို အသုံးချနိုင်ဖို့ ဖြစ်ပါတယ်။ ပညာရေးခရီးမှာ AI ကို အထောက်အကူအဖြစ်သာ အသုံးချသင့်ပြီး ပညာရဲ့တန်ဖိုးကို အမှန်တကယ်ဖန်တီးနိုင်သူကတော့ လူသားပဲဖြစ်ပါတယ်။ ဒါကြောင့် သင်ယူလိုစိတ်ရှိသူတိုင်း မိမိလက်ထဲရှိ စမတ်ဖုန်းကို တာဝန်ယူမှုရှိစွာ အသုံးချကြဖို့ တိုက်တွန်းရေးသား လိုက်ရပါတယ်။ ။

## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ အစည်းအဝေး (၁/၂၀၂၆) ကျင်းပ



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ

နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ အစည်းအဝေး (၁/၂၀၂၆) ကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအမှတ်(၄–စီ)တွင် ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်အစည်းအဝေး ဒုတိယပိုင်းကိုဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ထားရှိမှုများကို တင်ပြအတည်ပြုချက်ရယူကာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ တိုင်းရင်းဆေးကောင်စီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ကိုဉာဏ်

## ပွင့်ဖြူမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏဖွံ့ဖြိုးစေရန် အာဟာရကျွေးမွေး



ပွင့်ဖြူ ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဇန်နဝါရီ ၁၃ ရက်က အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းရှိ KG ကျောင်းသားကျောင်းသူများအား အာဟာရရှိသောအစားအစာများ ချက်ပြုတ်ကျွေးမွေးသည်။

ထိုသို့ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲလင်းတိုးဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်နှင့် အဖွဲ့ဝင်များနှင့်အတူ ကျောင်းသားကျောင်းသူများကို အစာမစားမီနှင့် အစာစားပြီးချိန်တွင် လက်ကို စနစ်တကျဆေးကြောနည်း စနစ်များကို လက်တွေ့သရုပ်ပြသပြီး အာဟာရရှိသော ထမင်းဟင်းများနှင့် အသီးအနှံများကို စနစ်တကျကျွေးမွေးသည်။

အဆိုပါ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုအဖြစ် ထမင်းဟင်းများ၊ စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်းတို့ကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၃၈ မှ KG ကျောင်းသားကျောင်းသူ ၅၂၃ ဦးကို (၈)ကြိမ်အထိ ကျွေးမွေးဆောင်ရွက်သွားမည်ဖြစ်ရာ ယခု (၆)ကြိမ်မြောက်ကျွေးမွေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## အလုံမြို့နယ်၌ သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်ပေး

အလုံ ဇန်နဝါရီ ၁၈

အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဇန်နဝါရီ ၁၄ ရက်က တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း(ရန်ကုန်)နှင့် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအစီအစဉ် ဆောင်ရွက်သည်။

အဆိုပါ အစီအစဉ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသဇင်ခိုင်က မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်းခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါအကြောင်း ပညာပေးဗီဒီယိုပြသပေးခြင်း၊ လူနာများအား ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ဆီးချို၊ သွေးတိုးလူနာ ၁၃၂ ဦးတို့အား ကုသမှုပေးခဲ့သည်။



ဆက်လက်၍ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း (ရန်ကုန်)မှ သက်ကြီးပုဂ္ဂိုလ်များ၊ သွေးတိုးဆီးချိုလူနာများ၊ နိုင်ငံ့ဝန်ထမ်းများ စုစုပေါင်း ၁၅၁ ဦးအား ရင်ဘတ်ဓာတ်မှန်ရိုက်ပြီး ကျန်းမာရေးစစ်ဆေးပေးသည်။

အဆိုပါ ဆေးကုသမှုဆောင်ရွက်သည့်နေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့တွင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ကုသိနာရုံပါဠိပရိယတ္တိစာသင်တိုက်ကျောင်းအပ်ပွဲ ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အန္တရာယ်ကင်း အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ကျိုက်သလ္လံစေတီတော်ရင်ပြင် ပဋ္ဌာန်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ အဘယသုတာရာမကျောင်းဆရာတော်ထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။



ထို့နောက် ဆရာတော်၊ သံဃာတော်များထံ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ရွှေတောင်ကျောင်းဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ ဈေးကြိုရပ် တောင်ဝိုင်း(ဗုဒ္ဓဝင်) ကုသိနာရုံပါဠိပရိယတ္တိစာသင်တိုက် ကျောင်းအပ်ပွဲသို့တက်ရောက်၍ ဦးစွာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆင်ဖြူစာသင်တိုက် ဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဥပုသ်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်ပြုပြင်တည်ဆောက်ခဲ့သည့်အဆောက်အအုံများနှင့်ကုန်ကျငွေများကိုဖတ်ကြားလျှောက်ထားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကုသိနာရုံပါဠိပရိယတ္တိစာသင်တိုက်ဆရာတော်ထံ အပ်နှံ၍ ဆင်ဖြူစာသင်တိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြည်ညိုကာ ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံ့သာဆုတောင်းပြည့် ဘုရားကြီး၌ အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံ့သာဆုတောင်းပြည့်ဘုရားကြီးစေတီတော် လုံးတော်ပြည့်ရွှေစင်ရွှေပြားနှင့် ရွှေသင်္ကန်းဆက်ကပ်နိုင်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မဟာအံ့ထူးကံ့သာဆုတောင်းပြည့်ဘုရားရှိ မဟာဇေယျသိဒ္ဓိသာသနာ့ဗိမာန်တော် ပထမထပ်၌ ကျင်းပခဲ့သည်။

ဦးစွာ ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး သံဃနာယကဝန်ဆောင်ဆရာတော် မြို့လယ်ရွှေစည်းခုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး ဩဝါဒဆရာတော်ကြီးများထံမှ မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညို၍ ဩဝါဒဆရာတော်ကြီးများအား တာဝန်ရှိသူများနှင့် အလှူရှင်များက အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ မဟာအံ့ထူးကံ့သာဆုတောင်းပြည့်ဘုရားကြီးစေတီတော်လုံးတော်ပြည့်ရွှေစင်ရွှေပြားနှင့် ရွှေသင်္ကန်းဆက်ကပ်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များက တာဝန်ရှိသူများထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ဩဝါဒဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဥပုသ်ပရိသတ်များအား နေ့လယ်စာ အာဟာရဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ ဥပ္ပါတသန္တိပုံတူစေတီတော် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ညောင်ပင်သာ တလင်းကုန်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမာလာအား အမှူးထား၍ ညောင်ပင်သာ တလင်းကုန်းကျောင်းတိုက်အတွင်း၌ တည်ထားသော ဥပ္ပါတသန္တိပုံတူစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူပူဇော်ပြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကိုဇန်နဝါရီပထမပတ်က ကျင်းပသည်။



ဦးစွာအခမ်းအနားကိုဆရာတော် သံဃာတော် အရှင်သူမြတ်တို့က နဂါးရုံဘုရားအား အနေကဇာတင်ကပ်လှူပူဇော်ပြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အကွက် (၈၇၁)နေ "သူရိန်နန်း" ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင် အုပ်ချုပ်သူ ဘုရားဒါယကာကြီး ဆရာကြီး ဦးတင်မောင်၊ ဘုရားဒါယိကာမကြီး ဆရာမကြီး ဒေါ်ခင်မြမြ အလှူရှင်မိသားစုတို့က ဆရာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး သူရိန်နန်းဓမ္မဗိမာန်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာအချိန်တွင် ပင့်ဆောင်ကြပြီး စေတီတော်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ပင့်ဆောင်ပြီးနောက် အလှူရှင် မိသားစုတို့က ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား အောင်သပြေခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပူဇော်၍ "ရွှေနေဝင်း" ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပြီး ဆရာတော်၊ သံဃာတော်များက စေတီတော်ကြီးအား အနေကဇာ တင်လှူခဲ့ကြောင်း သိရသည်။

**၀၄၆**

# အင်းစိန်မြို့နယ်၌ ၁၀ ရက်တရားစခန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်း မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်း ပြည်ပကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထေရ်ရှင်မြတ်အား အမှူးထားပြီး (၂၀၄)ကြိမ်မြောက် ၁၀ ရက်တရားစခန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါတရားစခန်းကို ဇန်နဝါရီ၁၇ ရက်မှ ၂၆ ရက်အထိ ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့အကြိုအဖြစ် ဖွင့်လှစ်ခြင်းဖြစ်ရာ ဆရာတော်ကြီးက ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားလျက်ရှိပြီး သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ယောဂီများစုစုပေါင်း ၁၀၀၀ ကျော်တက်ရောက်နာယူကြသည်။



ယင်းအပြင် ဆရာတော်ကြီးသည်နွေရာသီကျောင်းပိတ်ရက်များတွင် ကလေးငယ်များအား ရှင်သာမဏေဝတ်ပေးပြီး ယဉ်ကျေးလိမ္မာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်း၊ သာသနာတော်တည်တံ့စေရန်နှင့် ကလေးငယ်များ ဗုဒ္ဓ၏သွန်သင်ဆုံးမမှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို သိရှိစေရန်အတွက် ဘုရားရှိခိုးဦးချနည်း၊ ယဉ်ကျေးလိမ္မာဆုံးမစာ၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် ကဗျာအစရှိသည်တို့ကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ဆန်စက်များတွင် မီးဘေးလုံခြုံရေးအသိပညာပေး

**သာပေါင်း ဇန်နဝါရီ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ရုံးပင်ကျေးရွာအုပ်စု ရိုးဝကျေးရွာ အသုတ်-စက်ဒေါင့်ကြီးကားလမ်းမဘေးတွင် "မယ်ထွေးလေး" ဆန်စက်တွင် ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေးစစ်ဆေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် စက်ဒေါင့်ကြီးနယ်မြေ မီးသတ်စခန်းတာဝန်ခံ ဦးဝေယံစိုးဦးဆောင်၍ နယ်မြေရဲစခန်းမှရဲတပ်ဖွဲ့ဝင်နှင့် လျှပ်စစ်ဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဆန်စက်အတွင်း လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသွယ်တန်းထားရှိမှု မီးသတ်ဆေးဘူးများ လုံလောက်စွာ ထားရှိရေးနှင့် ရေလုံလောက်စွာ ထားရှိရေး၊ ဆန်စက်ပတ်ဝန်းကျင် အမှိုက်များ ကင်းစင်ရေး စစ်ဆေးအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းထက်သာ**

# ချမ်းအေးသာစံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြ

**ချမ်းအေးသာစံ ဇန်နဝါရီ ၁၈**

ချမ်းအေးသာစံ မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုများကို ဒေးဝန်းအနောက်ရပ်ကွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေးဦးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

# ပုသိမ်မြို့၌ "ဦးငွေးမြင့် ပညာသင်ဆု"ချီးမြှင့်ပေးအပ်ပွဲအခမ်းအနား ကျင်းပ




ပုသိမ် ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု ဥတိုကျေးရွာရှိ Global Earth Agro & Aqua Industry Public Co., Ltd မှ တက္ကသိုလ်/ကောလိပ်/ သိပ္ပံ ကျောင်းများတွင် တက်ရောက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူများအား "ဦးငွေးမြင့် ပညာသင်ဆု" ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကုမ္ပဏီ၏ GEAAI ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်/ကောလိပ်/ သိပ္ပံကျောင်းအသီးသီး တက်ရောက်သည့်အခါ အထောက်အပံ့ဖြစ်စေရန်အတွက် ဦးငွေးမြင့်ပညာသင်ဆု ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ Global Earth Agro & Aqua Industry Public Co., Ltd အနေဖြင့် Steam turbines generators ဖြင့် လျှပ်စစ် 15 MW စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး Gasifier စနစ်ဖြင့် လျှပ်စစ် 12 MW ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မကြာမီ ပထမအဆင့် တည်ဆောက်ပြီးစီးမည်ဖြစ်၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ဝန်ထမ်း၊ အထောက်အကူပြုဝန်ထမ်း ၃၀၀၀ တို့ ခန့်အပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သော ဝန်ထမ်းအရေအတွက်များအနက် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ဒေသခံများအား ဦးစားပေးခန့်အပ်သွားမည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များအား ဘွဲ့ရများအဖြစ် မွေးထုတ်ပေး၍ အလုပ်အကိုင်အခွင့်အလမ်းများကို တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၏ ကုန်ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ရေကြည်မြို့နယ်များမှ ပညာသင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ ကျောင်းကုန်း၊ အင်္ဂပူမြို့နယ်များမှ ပညာသင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ မော်လမြိုင်ကျွန်းမြို့နယ်များမှ ပညာသင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား Global Earth Agro & Aqua Industry Public Company Limited ဥက္ကဋ္ဌကလည်းကောင်း၊ မြန်အောင်၊ ကြံခင်း၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များနှင့် ကျန်ရှိသည့်မြို့နယ်များအား အစိုးရအဖွဲ့ဝင် ဝန်ကြီးများကလည်းကောင်း ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



ပဲခူး ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၆ ရက်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၆) ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ လမ်းညွှန်ချက်များကို ရှင်းလင်းဖတ်ကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် ဇုန်များအလိုက် စိုက်ပျိုးသွားရန်၊ မြို့နယ်အလိုက် Export အဆင့်မီ ပေါ်ဆန်းမွှေးစပါးမျိုးများ ဇုန်အလိုက်သတ်မှတ်မျိုးစေ့ထုတ်ကေ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်နှင့် ရိုဘတ်စတာကော်ဖီအား သတ်မှတ်ကေအတိုင်း ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ပျိုးထောင်ထားရှိရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာတို့အား ဒေသတွင်းဆီစက်များဖြင့် ကြိတ်ခွဲ၍ စားအုန်းဆီ၌ အစားထိုးသုံးစွဲနိုင်ရေး ရည်မှန်းဆောင်ရွက်သွားရမည် ဖြစ်သလို ဒေသတွင်း ဆီစက်လုပ်ငန်း အဆင့်မြှင့်တင်နိုင်ရေးကိုလည်း ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးမြေအဖြစ် ခွင့်ပြုပေးထားသည့် မြေလွတ်မြေရိုင်းများတွင် သတ်မှတ်ချက်အတိုင်း စိုက်ပျိုးထားမှုရှိ/မရှိ စစ်ဆေးသွားရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများက မိုးသီးနှံစိုက်ပျိုးထွက်ရှိမှု၊ ဆောင်းသီးနှံစိုက်ပျိုးဆောင်ရွက်နေမှု၊ ကော်ဖီစိုက်ပျိုးထားရှိမှု၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းဖြင့် ရွက်ဖျန်းမြေဩဇာပြုလုပ်၍ မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းစိုက်ခင်းများအား မြို့နယ်အလိုက် စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက် စားရေရိက္ခာဖူလုံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း Power Point များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်အလိုက် ဆက်လက်ဆောင်ရွက်သွားရမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လိုအပ်ချက်များကို အသေးစိတ်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# အုတ်တွင်းမြို့နယ်၌ လက်ဆွဲမျိုးစေ့ချက်ကိရိယာ ပေးအပ်ပွဲ ပြုလုပ်

အုတ်တွင်း ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြန့်ဝေသည့် လက်ဆွဲမျိုးစေ့ချက်ကိရိယာ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စက်မှုလယ်ယာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မိုးစပါး၊ နွေစပါးစိုက်ကေများ လျာထားကေ ပြည့်မီစွာ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် လက်ဆွဲမျိုးစေ့ချက်ကိရိယာများ အကျိုးရှိစွာ အသုံးပြု၍ စနစ်တကျစိုက်ပျိုးစေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းဦးက စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မျိုးစေ့ချက်ကိရိယာ အလက် ၂၄၀ အား တာဝန်ရှိသူများက ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# ပူတာအိုမြို့နယ်၌ သဲကျောက်လမ်းခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ပူတာအို ဇန်နဝါရီ ၁၈

ကချင်ပြည်နယ် ပူတာအိုခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာချင်းဆက်လမ်းများ သဲကျောက်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုများကို တာဝန်ရှိသူများက ဇန်နဝါရီ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်းပေါင်း ၈၂၁ ဒသမ ၀၃၆ သန်းဖြင့် ဆောင်ရွက်သည့် ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာနှင့် ဂျေဂျီဒီကျေးရွာချင်း ဆက်သွယ်ထားသော လမ်းအရှည် နှစ်မိုင်အား မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်းပေါင်း ၄၆၀ ဒသမ ၄၃၈ သန်းဖြင့် ပူတာအိုမြို့နယ် နမ်ရှယ်ရီးဒီကျေးရွာနှင့် နမ်ရှယ်စွပ်ကျေးရွာချင်းဆက်သွယ်လမ်းအရှည်(၁) မိုင်(၁) ဖာလုံအား သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း၊ JSJ ကုမ္ပဏီက သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ခရိုင်(ပြန်/ဆက်)

✻ ကျောဖုံးမှ

မိုက်ခဲလေးပြန်မထနိုင်ဘဲ အရှုံးပေးလိုက်ရသည်။ သက်ကို(တော်ဝင်ရော)နှင့် တိုးလုံး (MK1)တို့ပြိုင်ပွဲတွင်တိုးလုံးလက်သီးကြောင့် ဒုတိယအချီ၌ သက်ကို အနားတောင်းခဲ့၍ တတိယအချီတွင် တိုးလုံး ထိုးချက်များကြောင့် သက်ကို (တော်ဝင်ရော)ကို အလဲထိုးနိုင်သွားသည်။ ထို့နောက် နေလှိုင်း (အဖြူရောင်သွေးသစ်) လက်သီးတွဲလုံးကြောင့် အဲရီးဂျင်း (STL)ပထမအချီတွင် မျက်နှာဒဏ်ရာအနာတရဖြစ်ကာ အရှုံးပေးလိုက်ရသည်။ ဝင်းလှိုင်ထွန်း (Nine) လက်သီးများကြောင့် ဖွဲရန်နိုင်လင်း (တွံတေး)ကို ဒုတိယအချီတွင်အနိုင်ရရှိပြီး ကောင်းထက်ဇော် (STL) နှင့် နော်အောင်(DOJO 9)တို့ပြိုင်ပွဲတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ကာ တတိယအချီတွင် ကောင်းထက်ဇော်က နော်အောင်ကို အလဲထိုး အနိုင်ရရှိသွားသည်။

အဆိုပါမျိုးဆက်သစ်ပြိုင်ပွဲသည် ပရိသတ်အကြိုက် ပွဲကောင်းများဖြစ်ခဲ့ပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းထွန်းနှင့် အမှုဆောင်များ ကြည့်ရှုအားပေးကြပြီး ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ ဗလ

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် သတ်မှတ်နေရာများတွင် တွေ့ဆုံဆွေးနွေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာ လွယ်ကူလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး၊ မဲရုံများအား နေရာများခွဲ၍ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းများနှင့် မဲဆန္ဒရှင်ပြည်သူများ သွားလာရေးလွယ်ကူစေရန် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးအောင်စောဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်/ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများက အဆင့်ဆင့် အလေးထား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မဲပေးစက်များ Installaion ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ခန်းမနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမတို့တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ပြည်နယ်လွှတ်တော်အား ကြည့်ရှုစစ်ဆေး



**ဘားအံ ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် လွှတ်တော် အဆောက်အအုံတွင် တတိယအကြိမ် ပြည်နယ်လွှတ်တော် အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမအား ကြိုတင်ပြင်ဆင်ထားရှိမှု၊ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေမည့် ဥပဒေ၊ နည်းဥပဒေများ၊ သတင်းမီဒီယာခန်းမ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ နားနေခန်း၊ စားသောက်ခန်း၊ အစည်းအဝေးခန်း၊ ဧည့်ခန်း၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌရုံးခန်း၊ ရေးရာကော်မတီရုံးခန်းများ၊ လွှတ်တော်စာကြည့်တိုက်၊ သင်တန်းခန်းမနှင့် ပြည်နယ်လွှတ်တော်ရုံးရှိ ဌာနခွဲနှစ်ခု၊ ဌာနစု ၁၀ စု၏ ရုံးခန်းများနှင့် လုပ်ငန်း ဆောင်ရွက်ပုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနိုင်ရေး ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီးရှိ ကရင်ပြည်နယ်လွှတ်တော် ရိပ်သာ၏ master badroom ၁၀ ခန်း၊ စားသောက်ခန်း၊ ဧည့်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကင်းမြို့နယ်၌ ရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး စည်းဝေး



**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်း ဒေသကြီး ရန်ကင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)အား အောင်မြင်စွာကျင်းပနိုင်ရေး ခရိုင်/ မြို့နယ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကင်းမြို့နယ် အမှတ်( ၁၄) ရပ်ကွက် သာသနာ့ဗိမာန်၌ ကျင်းပသည်။

အစည်းအဝေးတွင် သင်္ဃန်းကျွန်းခရိုင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်္ဃန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သက်တင်အောင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေး တစ်စုံတစ်ရာချို့ဖောက်မှု မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ပူးပေါင်းကြပ်မတ် ဆောင်ရွက်ကြရမည့် အခြေအနေများ၊ သင်္ဃန်းကျွန်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ယာယီဒုတိယရဲမှူးကြီး တင်နိုင်မိုးက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရိုင်လဝကမှူး ဦးကျော်မင်းက ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် သင်္ဃန်းကျွန်းခရိုင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က ရန်ကင်းမြို့နယ်၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃)အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပသည်။



ဦးစွာ လှည်းကူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနောင်က ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက ရွေးကောက်ပွဲ အတွေ့အကြုံများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည်ထောင်စုကြီး တိုးတက်ဖို့**
**ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့**

# ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခအဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်း



**ဂါဇာစီးတီး ဇန်နဝါရီ ၁၈**

ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခအဆုံးသတ်ရေး အမေရိကန်၏ကြားဝင်စေ့စပ်ပေးသည့် အစီအစဉ်၏ ဒုတိယအဆင့်ကို စတင်သည့်အနေဖြင့် "ငြိမ်းချမ်းရေးဘုတ်အဖွဲ့" ကို ဖွဲ့စည်းခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

သမ္မတ ထရမ့်က ဘုတ်အဖွဲ့၏သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ဘုတ်အဖွဲ့ဝင်များတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို၊ သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးကိုယ်စားလှယ် စတီဗ်ဝတ်ကော့ဖ်၊ သမ္မတ ထရမ့်၏သားမက် ဂျာရက်ကူရှ်နာနှင့် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲယားတို့ ပါဝင်သည်။

လက်နက်ဖျက်သိမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များပါဝင်သည့် ဒုတိယအဆင့်ကို စတင်ခဲ့ကြောင်း အမေရိကန်အထူးသံတမန် စတီဗ်ဝတ်ကော့ဖ်က လူမှုမီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။

ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသော ယာယီပါလက်စတိုင်းအစိုးရသည် ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်မည်ဖြစ်ပြီး ၎င်းအစိုးရကို သမ္မတ ထရမ့်၏ ငြိမ်းချမ်းရေးဘုတ်အဖွဲ့က အကူးအပြောင်းကာလတွင် ကြီးကြပ်ထိန်းကျောင်းပေးမည် ဖြစ်သည်။

သမ္မတထရမ့်က ဟားမတ်စ်အဖွဲ့အား ၎င်း၏ကတိကဝတ်များကို လေးစားလိုက်နာရန်နှင့် လက်နက်စွန့်လွှတ်ရေးအတွက် ဆက်လက်တွန်းအားပေးခဲ့သည်။

သို့သော် ဟားမတ်စ်က လက်နက်ဖြုတ်သိမ်းရန် ရည်ရွယ်ချက်မရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂရင်းလန်းတွင် ကာကွယ်ရေးအင်အားတိုးမြှင့်ရန် ဂျာမနီ၊ ပြင်သစ်နှင့် ဆွီဒင်တို့က ကာကွယ်ရေးတပ်ဖွဲ့ဝင်များစေလွှတ်

**ဂရင်းလန်း ဇန်နဝါရီ ၁၈**

ဒိန်းမတ် ကာကွယ်ရေးဝန်ကြီးဌာနက ဂရင်းလန်းတွင် ၎င်း၏ ကာကွယ်ရေးအင်အား တိုးမြှင့်မည်ဟု ကြေညာခဲ့ပြီး ဂျာမနီ၊ ပြင်သစ်နှင့် ဆွီဒင်တို့က ဒိန်းမတ်၏ တောင်းဆိုချက်အရ ၎င်းနေရာသို့ ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒိန်းမတ်နယ်မြေဖြစ်သည့် ဂရင်းလန်းကို ထိန်းချုပ်သင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထပ်ခါတလဲလဲ ပြောဆိုခဲ့ပြီးနောက် ယခုလှုပ်ရှားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂရင်းလန်းသည် အမေရိကန်အမျိုးသား လုံခြုံရေးအတွက် အရေးကြီးကြောင်းလည်း ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

သို့သော် ဒိန်းမတ်နှင့် ဂရင်းလန်းအာဏာပိုင်တို့က အမေရိကန်၏ ထိန်းချုပ်ရန်ကြိုးပမ်းချက်များကို ဆန့်ကျင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။



ဒိန်းမတ် ကာကွယ်ရေးဝန်ကြီးဌာနက ဂရင်းလန်းတွင် ဒိန်းမတ်တပ်ဖွဲ့များ၏ တိုးမြှင့်လေ့ကျင့်ရေးလှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

ပထဝီဝင်နိုင်ငံရေး တင်းမာမှုများသည် အာတိတ်ဒေသသို့ ပျံ့နှံ့လျက်ရှိပြီး ဒိန်းမတ်နိုင်ငံ၌ ကာကွယ်ရေးအင်အား တိုးမြှင့်ရန် လိုအပ်ကြောင်း ဒိန်းမတ်ကာကွယ်ရေးဝန်ကြီး ထရိုရယ်စ် လန်ပေါဆန်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ဒိန်းမတ်၏ တောင်းဆိုချက်အရ ဂျာမနီ၊ ပြင်သစ်နှင့် ဆွီဒင်တို့က ဂရင်းလန်းသို့ ၎င်းတို့၏ ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

ဒိန်းမတ်နှင့် အဓိကမဟာမိတ်များသည် အာတိတ်ဒေသ၌ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဥရောပမီဒီယာတစ်ခု၏ သတင်းရင်းမြစ်ကို ကိုးကားဖော်ပြခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဉာဏ်ရည်တုနည်းပညာ အေအိုင်ပလပ်ဖောင်းတစ်ခုဖြစ်သည့် ChatGPT တွင် ကြော်ငြာများကို စတင်ထည့်သွင်းမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

ဉာဏ်ရည်တုနည်းပညာ အေအိုင်ပလပ်ဖောင်းတစ်ခုဖြစ်သည့် ChatGPT တွင် ကြော်ငြာများကို လာမည့်ရက်သတ္တပတ်အတွင်း စတင်ထည့်သွင်းမည်ဖြစ်ကြောင်း အမေရိကန်နည်းပညာကုမ္ပဏီ OpenAI က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကြော်ငြာထည့်သွင်းမှုအတွက် တစ်လလျှင် ရှစ်ဒေါ်လာသတ်မှတ်ထားကြောင်း သိရသည်။ ကြော်ငြာများသည် ChatGPT ၏အဖြေများအောက်တွင် ပေါ်လာမည်ဖြစ်ပြီး chatbot မှပေးသော အဖြေများကို ထိခိုက်စေမည်မဟုတ်ကြောင်းနှင့် ChatGPT နှင့်အပြန်အလှန်ပြောကြား၊ ဖြေကြားမှုအချက်အလက်များကိုလည်း ကြော်ငြာရှင်များထံ ရောင်းချမည်မဟုတ်ကြောင်း OpenAI က ပြောကြားခဲ့သည်။

ChatGPT ကို အပတ်စဉ် သန်း ၈၀၀ ကျော် အသုံးပြုလျက်ရှိသော်လည်း အများစုမှာ အခမဲ့ဗားရှင်းကိုသာ အသုံးပြုနေသည်။

ပြည်သူများက ဉာဏ်ရည်တုနည်းပညာကို အသုံးပြုချင်သော်လည်း ငွေကြေးကုန်ကျမခံချင်ကြောင်း OpenAI ကုမ္ပဏီ အမှုဆောင်ဒါရိုက်တာ ဆမ်အော်မန်က ပြောကြားခဲ့သည်။ ယင်းကြောင့် စီးပွားရေးအတွက် ဝင်ငွေရရှိရန် ကြော်ငြာထည့်သွင်းခြင်းအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

OpenAI ကုမ္ပဏီသည် ဉာဏ်ရည်တုနည်းပညာ တီထွင်ထုတ်လုပ်ခြင်းအတွက် များပြားသောကုန်ကျစရိတ်များကို ပြန်လည်ပြည့်မီစေရန် ဝင်ငွေအရင်းအမြစ်အသစ်ကို ရှာဖွေနေကြောင်း လေ့လာသူများက သုံးသပ်ပြောကြားသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ပါကစ္စတန်ရှိ ဈေးဝယ်စင်တာတစ်ခု၌ မီးလောင်မှုဖြစ်ပွား

**အစ္စလာမာဘတ် ဇန်နဝါရီ ၁၈**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ရှိ ဈေးဝယ်စင်တာတစ်ခု၌ ဇန်နဝါရီ ၁၇ ရက် ညက မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ခြောက်ဦးသေဆုံးပြီး ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

အင်န်အေဂျင်နတ်လမ်းရှိ အထပ်မြင့် ဈေးဝယ်စင်တာတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခြင်း ဖြစ်ကြောင်း ဆင်းပြည်နယ်ပြောရေးဆိုခွင့်ရှိသူ ဆာဒီယာ ဂျာဗက်က ပြောကြားသည်။ ဈေးဝယ်စင်တာရှိ အခြားအထပ်များသို့ ကူးစက်နေသည့် မီးကိုထိန်းချုပ်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ရာ



ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ၄၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးဝယ်စင်တာရှိ ရောင်းကုန်များမှာ အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများနှင့် ပန်းကန်ခွက်ယောက်များ ဖြစ်သဖြင့် မီးလောင်မှုကို ပိုမိုအားကောင်းစေခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ရေကြီးရေလျှံမှုဖြစ်

**ဆစ်ဒနီ ဇန်နဝါရီ ၁၈**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

ဆစ်ဒနီမြောက်ပိုင်းတွင်မြေပြိုမှုဖြစ်ခဲ့သဖြင့် နေအိမ်သုံးလုံး ထိခိုက်ပျက်စီးခဲ့သည်။ ရေကြီးရေလျှံမှုများဖြစ်ခဲ့သဖြင့် ဆစ်ဒနီမြောက်ပိုင်း ကမ်းခြေနာ ယာဗန်းလာကွန်းဒေသရှိဒေသခံများအား ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁၁ နာရီမတိုင်မီအချိန်တွင် ဘေးလွတ်ရာသို့ရွှေ့ပြောင်းခဲ့ရပြီး နယူးဆောက်ဝေးပြည်နယ်ရှိ ဒေသခံများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့်



ဂရိတ်မက်ကရယ် ကမ်းခြေရှိ အဆောက်အအုံသုံးလုံး ပျက်စီးခဲ့သည်။

ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီအထိ မိုးရေချိန် ၁၇၉ ဒသမ ၆ မီလီမီတာအထိ ရွာသွန်းခဲ့ကြောင်း မိုးလေဝသဌာနက ပြောသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အိမ်တွင်းသမားတော်




ဒေါက်တာခင်မိုးမိုးရေးသားပြုစုသည့် "အိမ်တွင်းသမားတော်" စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် အဖြစ်များသည့် ကျန်းမာရေးပြဿနာပေါင်း ၉၀ အတွက် မီးဖိုချောင်သုံးပစ္စည်းများဖြင့် စနစ်တကျကုသနိုင်မည့် နည်းလမ်းများကို အက္ခရာစဉ်လိုက် စုစည်းဖော်ပြထားသဖြင့် ကျန်းမာရေးအတွက် အလွယ်တကူဖတ်ရှုနိုင်မည့်စာအုပ်ဖြစ်သည်။

မိမိအိမ်ရှိ မီးဖိုချောင်သုံးပစ္စည်းများဖြင့် အလွယ်တကူကုသပျောက်ကင်းနိုင်သော နည်းလမ်းများကို ဖော်ပြထားသည်။ အနာစိမ်းပေါက်သည်မှအစ ခေါင်းကိုက်သည်အဆုံး အဖြစ်များသည့် ကျန်းမာရေးပြဿနာပေါင်း ၁၀၀ နီးပါးအတွက် မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အခြားသဘာဝထွက်ပစ္စည်းများ၊ ဆေးဖက်ဝင်အပင်များနှင့် ကုသနိုင်သောနည်းလမ်းများကို စနစ်တကျဖော်ပြထားသည်။ ငွေကုန်သက်သာပြီး ဘေးထွက်ဆိုးကျိုးနည်းပါးကာ ထိရောက်မှုရှိသော်လည်း ဆရာဝန်၊ သမားတော်၏ကုသမှုကို အစားထိုးအသုံးပြုရန်မဟုတ်သည်ကိုလည်း အသိပေးထားသည်။ မည်သို့ပင်ဖြစ်စေ အိမ်ရှင်မများအနေဖြင့် မီးဖိုချောင်သုံးပစ္စည်းများနှင့် ကျန်းမာရေးပြဿနာများကို အလွယ်တကူကုသနိုင်ရန်အတွက် စာအုပ်တွင် ရှင်းလင်းပြသထားသည်။

အဆိုပါစာအုပ်ကို ဝယ်ယူဖတ်ရှုလေ့လာလိုပါက ရန်ကုန်မြို့ သုတစွယ်စုံစာအုပ်တိုက်၊ စွယ်စုံမီဒီယာဂရု(ပ်) အနော်ရထာလမ်း၊ (၃၉)လမ်းထောင့်နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ရရှိနိုင်သည်။

## နှလုံးသားထဲက မြရတနာ



စာရေးသူမြကြာငံ့ရေးသားသော နှလုံးသားထဲကမြရတနာ မိခင်မေတ္တာခံစားမှု ခွန်အားဖြည့်စာစုများ စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

အဆိုပါစာအုပ်၌ စာရေးသူမြကြာငံ့ရေးသားထားသည့် ရင်ထဲကစကား၊ ဘုရားသခင်ဖြစ်လေမလား၊ နှလုံးသားထဲကလက်ဆောင်မွန်၊ အရှိကိုအရှိအတိုင်းသာ၊ ခဏလေးပဲဖြစ်ဖြစ်၊ ဘယ်တော့မှအဆုံးမသတ်လိုက်ပါနဲ့၊ နည်းနည်းပဲဖြစ်ဖြစ်ကြင်နာပါ၊ လက်တစ်ခုပ်စာမြရတနာ၊ ဘယ်သူ့ကိုယုံမလဲ၊ အကြင်နာလက်၊ ဘဝအတွက်အလိုအပ်ဆုံးအရာ၊ သားကြီးဖတ်ဖို့အမေ့ရဲ့စာ၊ ကမ္ဘာကြီးသို့ပန်ကြားလွှာ စသည့်စိတ်ဝင်စားဖွယ် ဆောင်းပါးခေါင်းစဉ်များ ပါဝင်သည်။ အမှန်တကယ်လည်း အဆိုပါစာစုလေးများသည် ကမ္ဘာပေါ်ရှိမိန်းမသားများ၊ မိခင်များ၊ မိခင်လောင်းများနှင့် သမီးလေးများအတွက် စိတ်ခွန်အားဖြစ်စေမည့် စာစုလေးများဖြစ်ပါသည်။

ယင်းစာအုပ်ကို လင်းရောင်သစ်စာပေ(၀၃၂၁၇)၊ အမှတ်(၃၀)၊ သီရိမင်္ဂလာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၀၉ - ၇၇၇၅၃၉၉၉၅ မှ ဖြန့်ချိထားပြီး တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

### ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# တရားမဝင်သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက်တွင် လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၂၀၂ တန်၊ အခြားသစ် ၈ ဒသမ ၉၉၈ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၉၇၅၂၉၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




နေပြည်တော်ကောင်စီနယ်မြေ၌ သိမ်းဆည်းရမိမှု။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက်တွင် မြိတ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျောက်တံခါးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင်သစ်မာ ၁ ဒသမ ၆၉၃ တန်၊ အခြားသစ် ၁ ဒသမ ၄၁၈ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၉၆၆၀၃၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် ချောင်းဆုံမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် လှိုင်မြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၇ ရက်နှင့် ၁၁ ရက်တို့တွင် ငပုတောမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၄၁၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၄၀၂၄၈ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် မအူပင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၇၄၀၂၄၈ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Harrier တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၇ ရက်၊ ၈ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေ ၁၂၆၅၈၁၅၇၆ ကျပ်ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၂ ဒသမ ၅၁၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၄၃၉၈၂၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၃ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် တောင်ငူမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၄၅၀ တန်(ခန့်မှန်းတန်ဖိုးငွေ ၄၃၂၁၉၂ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ သာယာဝတီမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၁၃၂၁၉၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၃ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၂၅၆၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၂၅၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၈၂၇၇၈၀၁၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အမှတ်(၁၅၄/က)၊ ၂ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ အကျယ်အဝန်း-(၁၃ပေx၅၄ပေ) ရှိစတုတ္ထထပ်(၅ လွှာ) (ခြေရင်းခန်း ) လမ်းမှတိုက်သို့ မျက်နှာမူလျှင် (ညာဘက်ခြမ်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော (၁)ဦးဇော်အောင်ထွန်း [၁၂/လမတ(နိုင်)၀၃၂၃၂၈]၊ (၂)ဒေါ်သဉ္ဇာဦး[၁၂/ဒဂန(နိုင်)၀၃၇၅၀၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြတ်စန္ဒီ[၁၂/သကတ(နိုင်)၁၉၇၀၉၅]က ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်စန္ဒီ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာနွေး( LL.B,D.B.L )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၇)**
**အမှတ်-( ၅၅၂ )၊ အင်ကြင်းလမ်း (၂၂)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၈၀၈၀၀၀၇၀**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ တိုးကြီးကုန်းရွာ၊ အမှတ်(၅၇၄) တွင်နေထိုင်သော(အဖ)ဦးထွန်းအောင်[၁၂/ဗဟန(နိုင်)၀၅၆၁၁၉]နှင့်(အမိ) ဒေါ်ခင်ခင်အေး[၁၂/ဗဟန(နိုင်)၀၅၄၅၁၁]၏ သမီးဖြစ်သူ ဒေါ်ခင်ညိုအောင်[၁၂/ဗဟန(နိုင်)၀၅၃၉၉၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေ၏ မိဘများဖြစ်ကြသော ဦးထွန်းအောင်နှင့် ဒေါ်ခင်ခင်အေးတို့သည် (၁၂-၂-၁၉၆၈) ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ညိုအောင် [၁၂/ဗဟန(နိုင်)၀၅၃၉၉၄] ကိုင်ဆောင်သူတစ်ဦးတည်းကိုသာ မွေးဖွားခဲ့ပါသည်။ အခြားကိတ္တိမမွေးစားသားသမီးများမရှိပါ။ (၂-၉-၁၉၉၁) ခုနှစ်တွင်ကျွန်ုပ်မိတ်ဆွေ၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်အေးသည် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ဒေါ်ခင်ခင်အေး၏ မောင်နှမများမှ ဒေါ်ခင်ခင်အေး၏ မိဘများပိုင်ဆိုင်သည့် အမှတ်(၂၂) အင်လျားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နေအိမ်နှင့်ခြံဝင်းကို ရောင်းချ၍ အမွေခွဲဝေကြရန် စီမံခန့်ခွဲကြပြီး ဒေါ်ခင်ခင်အေး ရသင့်ရထိုက်သော အမွေဝေစုကို ဒေါ်ခင်ခင်အေး၏ ခင်ပွန်းဖြစ်သူ ဦးထွန်းအောင်နှင့် သမီးဖြစ်သူ ဒေါ်ခင်ညိုအောင်တို့အား အညီအမျှခွဲဝေပေးခဲ့ကြပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဖခင်ဖြစ်သူ ဦးထွန်းအောင်မှ အဆိုပါဝေစုကိုမတည်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၅) ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၅၇၆) အကျယ်အဝန်း အလျားပေ ၄၀x အနံ ပေ ၆၀ ရှိသည့် မြေကွက်အား ဝယ်ယူ၍ သားအဖနှစ်ဦးအတူ နေထိုင်ခဲ့ကြပါသည်။ ယင်းနောက်ပိုင်းတွင် ဖခင်ဖြစ်သူ ဦးထွန်းအောင်သည်ဒေါ်မြင့်မြင့်ကြည်[၁၂/ရကန(နိုင်) ၀၂၈၂၄၁] ကိုင်ဆောင်သူနှင့် ထပ်မံအိမ်ထောင်ပြုခဲ့ပြီး ဦးထွန်းအောင်နှင့် သမီးဖြစ်သူ ဒေါ်ခင်ညိုအောင်တို့ နှစ်ဦးပိုင်ဆိုင်သည့် နေအိမ်၌ပင်အတူနေထိုင်ခဲ့ကြပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဖခင်ဖြစ်သူ ဦးထွန်းအောင်သည် (၆-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၌ပင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပြီး ဖခင်ဖြစ်သူ မကွယ်လွန်မီ ဦးထွန်းအောင် အမည်ပေါက် သားအဖ နှစ်ဦးပိုင်ဆိုင်သည့် အလျား ပေ ၄၀ x အနံ ပေ ၆၀ အကျယ်အဝန်းရှိသည့်အနက်မှ ခြေရင်းခြမ်းဖြစ်သည့် အလျား ပေ ၂၀ x အနံ ပေ ၆၀အား ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိနေသည့် တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းဖြစ်သည့် အလျားပေ၂၀xအနံ၆၀ပေရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထား သည့် RC တစ်ထပ်တိုက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ညိုအောင် [၁၂/ဗဟန(နိုင်)၀၅၃၉၉၄] ကိုင်ဆောင်သူနှင့်လည်း သက်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေနှင့်အိမ်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညိုအောင် [၁၂/ဗဟန(နိုင်)၀၅၃၉၉၄]၏ သိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမဆို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ဒေါ်ခင်ညိုအောင် အနေဖြင့် ကန့်ကွက်ပါကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခင်ညိုအောင်**
**[၁၂/ဗဟန(နိုင်) ၀၅၃၉၉၄]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်သူဇာနွယ်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၀၀၃)**
**အမှတ်(၇၈၃) ၊ အောင်သစ္စာ(၆)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ မြေကွက်အမှတ်(၁၁၃)၊ (အလျား ၄၀ပေ x အနံ၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်ခင်ခင်ရင်[၉/မကန(နိုင်)၀၅၇၉၅၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမျိုးခိုင် [၁၂/ဗဟန(နိုင်)၀၇၇၂၃၆]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )**
**Ph-09-954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**LL.B, D.B.L, D.I.L, D.M.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**Ph:09-420080932,09-983837110**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၁)၊ ဦးပိုင်အမှတ်(၁၁၁)ခဲစင်း၊ ရွှေကြက်ယက်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၄၇၃၂/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၄၊ မြေကွက်အမှတ်-၁၆၀၊ အကျယ်(၄၀'x၆၀')မြေအမျိုးအစား ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၆၀)၊ (၁၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် ဦးတင်မြ [၁၂/ ရပသ (နိုင်)၀၃၂၀၀၅]အမည်ဖြင့်ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သည့် ဦးတင်ဝေ [၉/မလန(နိုင်)၀၉၃၉၁၅]နှင့် ဒေါ်ယဉ်ယဉ်မာ [၉/မလန(နိုင်)၀၉၈၂၁၃]တို့မှ တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်ရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမျိုးမင်းဟိန်း**
**အထက်တန်းရှေ့နေ(စဉ်-၅၆၁၃၉)**

**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၄)**

**အမှတ်(၃၃/၄၉)၊ Strand Condo၊ အခန်းအမှတ်(၄၀၂)၊ (၄-လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅)၊ ဦးပိုင်အမှတ်(၃၆+၃၇)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၄၇၂၅/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅)၊ ဦးပိုင်အမှတ်(၆၆)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၄၇၁၂/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၁)၊ ဦးပိုင်အမှတ်(၁၂၄)ခဲစင်း၊ ရွှေကြက်ယက်ကျေးရွာ၊ ကမ်းနား လမ်း အနောက်ဘက်ရှိမြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေး မှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ် (၄၇၃၀/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၁)၊ ဦးပိုင်အမှတ်(၁၁၅)ခဲစင်း၊ ရွှေကြက်ယက်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၄၇၂၇/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်(၁၂၈/၅+၁၂၉)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ် (၄၇၁၁/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်ဗထူးအိမ်ရာအပိုင်း (၁)၊ (၄၈) ရပ်ကွက်၊ ဗိုလ်ဗထူးအိမ်ရာ၊ တိုက်အမှတ်(C-3)၊ အခန်းအမှတ်(၄၀၁)၊ အကျယ်အဝန်း(၉၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးစုံအပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဌာနရှိ အိမ်ရာဌာနခွဲတွင် ဒေါ်အတင် [၁၄/ပသန (နိုင်)၀၄၄၇၆၀]အမည်ဖြင့် မှတ်သားထားပြီး ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ယဉ်မေလှ [၁၂/ရကန (နိုင်)၀၄၂၆၈၉]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို ၎င်းနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇ /အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉ -၄၂၀၀၅၇၄၉၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၁)၊ ဦးပိုင်အမှတ်(၁၁၃)ခဲစင်း၊ ရွှေကြက်ယက်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၄၇၂၈/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

နောင်ချိုမြို့နယ်၊ အ.ထ.က၊ သုံးဆယ် Grade-3 တွင် ပညာသင်ကြားခဲ့သော မောင်သီဟနိုင်၏ မိဘအမည်မှန်မှာ ဦးဂိုဘင်း [၁၃/နမတ(နိုင်)၀၈၂၀၁၅] နှင့် ဒေါ်ဂျာမူနီး [၁၃/နမတ(နိုင်)၀၈၃၂၃၇] ဖြစ်ပါကြောင်း။

**ဦးဂိုဘင်း+ဒေါ်ဂျာမူနီး**

## အမည်မှန်

နောင်ချိုမြို့၊ အ.ထ.က-၁ Grade-3 မှ မောင်သားချစ်၏ အမည်မှန်မှာ မောင်ဝသန်ဦး ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးစောသက်ဦး [၁၃/နခတ(နိုင်)၁၃၀၅၃၅] ဖြစ်ပါကြောင်း။

**ဦးစောသက်ဦး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ်(၆/၈၁၀)နေ ဦးအောင်ကြည်[၁၂/ဒလန(နိုင်)၀၁၇၂၂၂]နှင့် ဒေါ်တင်တင်လှ[၁၂/ဒလန(နိုင်)၀၁၇၂၂၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ဦးအောင်ကြည်+ဒေါ်တင်တင်လှတို့၏ တတိယမြောက်သမီး မခင်သန်းမြင့် [၁၂/ဒလန(နိုင်) ၀၄၉၄၉၃]သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ဆောင်ရွက်ခဲ့သည့်အပြင် ခွင့်လွှတ်၍မရနိုင်သော ကိစ္စများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသဖြင့် ယနေ့မှစ၍ မခင်သန်းမြင့်အား သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မခင်သန်းမြင့်နှင့် ပတ်သက်သော ကိစ္စအဝဝကို မိဘနှစ်ပါးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးအောင်ကြည်+ဒေါ်တင်တင်လှတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၉/၁၄-၃-၂၀၁၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ ၃၉-လမ်း(အောက်)၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၄၀၁၅၇၃၄၆၂၊ ၀၉-၇၇၇၁၇၁၉၉၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်(၁၆၇+၁၆၈/၂)ခဲစင်း၊ ရှမ်းကလေးကျွန်း ကမ်းနားလမ်းအနောက်ဘက်ရှိမြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၄၇၂၂/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅)၊ ဦးပိုင်အမှတ်(၃၉/၂+၄၀)ခဲစင်း၊ ရှမ်းကလေးကျွန်း ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ [ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၄၇၄၁/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၂၉)၊ မြေကွက်တည်နေရာ အမှတ်(၁၁၂၉)၊ ဝေသာလီလမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးအုန်းမောင် (AA-၀၁၇၀၁၁) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ မြေကွက်၏တရားဝင်မခွဲမစိတ်ရသေးသော နေအိမ်မှ ဝေသာလီလမ်းဘက်သို့ မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း(၂၀'x၆၀')အား တရားမကြီးမှုအမှတ်(၁၇၈/၂၀၂၄) (၃၁-၁၀-၂၀၂၄)၊ တရားမဇာရီမှုအမှတ်(၁၇၄/၂၀၂၄) (၉-၁-၂၀၂၅)၊ အရောင်းစာချုပ်အမှတ်(၈၀၃၄/၂၄-၁၀-၂၀၂၅)တို့ဖြင့် ပိုင်ဆိုင်သူ ဒေါ်မာမာရီ [၁၂/ကမရ(နိုင်)၀၀၃၈၄၆]မှ ဒဂုံမြို့သစ်ခရိုင်တရားရုံး၏ တရားမကြီးမှု၊ တရားမဇာရီမှု၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ အရောင်းစာချုပ်၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေတိုင်းတာမည်ကိုသိရှိကြောင်း ဘေးမြေကွက်များမှ လက်မှတ်ရေးထိုးထားသော ကြော်ငြာစာရွက်တို့တင်ပြပြီး ဝင်စာအမှတ်-၁၂၆၀၁/၂၀-၁၁-၂၀၂၅ တို့ဖြင့် ၎င်းပိုင်ဆိုင်သော (၂၀'x၆၀')အား တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းတာရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ- ၁၃)၊ လူနေရပ်ကွက်အမှတ်-၁၆၊ တောင်ငူလမ်း၊ မြေကွက်အမှတ်-၁၁၉၃(ခ)ဟု ခေါ်တွင်သော ဦးမြင့်သိန်း (AE-၂၂၂၈၇၉)အမည်ပေါက် မြေချပါမစ်အမျိုးအစား (၂၀x ၆၀)ပေ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဦးညွှန့်ရွှေ[၁၂/ကမရ(နိုင်)၀၁၉၇၂၀]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် (၃-၂-၁၉၉၆)ရက်နေ့မှစကာ ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ဦးညွှန့်ရွှေမှာ လွန်ခဲ့သော (၂၀၀၃)ခုနှစ်ကတည်းက ကွယ်လွန်သွားခဲ့ပြီး၊ ဦးညွှန့်ရွှေ ကွယ်လွန်ချိန်မှစကာ ၎င်း၏ တရားဝင် အမွေဆက်ခံခွင့်ရှိသူ ဇနီး ဒေါ်လှရွှေ[၁၂/ကမရ(နိုင်)၀၃၆၉၁၆]မှ အဆိုပါ အိမ်ခြံမြေအား ပိုင်ဆိုင်ကာ ယနေ့အချိန်ထိ လက်ရှိထားနေထိုင်လျက်ရှိပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေသည် ဒေါ်လှရွှေ တစ်ဦးတည်းမှသာ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးထားခြင်းလုံးဝမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၄၅)**
**အမှတ်-၁၀၆၉(ခ)၊ အောင်ဇောမိလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတားတို့၏ အလှူဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးအောင်ထွေး**

**(O.T.S–29)**

### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၃)လမ်းနေ သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်နှင်းဝေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဝဏ္ဏကျော်ထင် ဦးမင်းထိန်–ဒေါ်နှင်းသီတာအောင်ထွေး တို့၏ မွေးသဖခင် ကျေးဇူးရှင် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးအောင်ထွေးသည် ၁၅–၁–၂၀၂၆ (ကြာသပတေးနေ့) ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်ဇနီး ဒေါ်စိုးယဉ်မြင့်**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအုန်းရှိန် (ဟသ်ာတ)

**B.Sc (Engineering)**
**အကြီးတန်းကြီးကြပ်မှုအင်ဂျင်နီယာ(ငြိမ်း)**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

### အသက်(၉၃)နှစ်

ဟသ်ာတမြို့နေ (ဦးဖြူ–ဒေါ်သိန်းရင်)တို့၏ သား၊ (ဦးဘကြိုင်–ဒေါ်လှဗျော်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဒေါ်ယဉ်မြ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးလှမြင့်)–ဒေါ်ကြည်မြင့်၊ (ဦးကြည်မြင့်–ဒေါ်ထွေးထွေးဝင်း)တို့၏ အစ်ကိုကြီး၊ (ဦးတင့်ထူးရှိန်)–ဒေါ်မိမိခိုင်၊ ဒေါ်လဲ့လဲ့ရှိန်၊ ဦးနေမျိုးရှိန်–ဒေါ်သက်သက်ထွေး၊ (ဦးကျော်ဇောထွန်း)–ဒေါက်တာမေချောရှိန်၊ (ဦးသွင်စိုးရှိန်)–ဒေါ်နော်ဒေဇီ၊ ဦးသွင်မိုးရှိန်–ဒေါ်ငွေငွေဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မမေဖူးပွင့်ရှိန်၊ မမေမြတ်နိုးရှိန်၊ မောင်ရဲခေါင်၊ မောင်ဘုန်းမြတ်သူ၊ မောင်မင်းခန့်သူ၊ Khloe Zara Shein တို့၏ ချစ်လှစွာသော အဘိုး ဦးအုန်းရှိန်သည် ၁၅–၁–၂၀၂၆ (ကြာသပတေးနေ့) ဒေသစံတော်ချိန် ညနေ ၃:၄၅ နာရီတွင် အမေရိကန် နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးစောထွန်းလူ

**(EX.I.C.T.) အင်ဂျင်နီယာ (ငြိမ်း)**

### အသက် (၈၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီအုန်ကုန်းလမ်း၊ အိမ်အမှတ်–၁၀၆(င)နေ (ဦးစံညွန့်–ဒေါ်သိန်းရင်)တို့၏ သား၊ ဒေါ်ရွှေချစ်၏ခင်ပွန်း၊ (စောမျိုးသူရထွန်း)–မခင်မြတ်ထွန်း၊ စောအီရန်လူး–နော်လုလုခိုင်ထွန်းတို့၏ဖခင်၊ စောဂယ်ဗင်ထွန်း၊ နော်အိုင်ဗီလူးတို့၏အဘိုး ဦးစောထွန်းလူ (EX.I.C.T.) အင်ဂျင်နီယာ(ငြိမ်း)သည် ၁၇–၁–၂၀၂၆ရက် ည ၇:၂၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၁–၁–၂၀၂၆ ရက် နံနက် ၁၀ နာရီတွင် ဇီအုန်ကုန်းကရင်နှစ်ခြင်း အသင်းတော်၌ ဝတ်ပြု၍ထိန်ပင်ကရင်နှစ်ခြင်း သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ မြေကွက်အမှတ်(၈၈၁)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ) အကျယ်ရှိ ဦးမောင်အေးအမည်ဖြင့် မြေနေရာချထားပေးသောပါမစ်မြေကွက် အနက်မှ တရားဝင်မခွဲစိတ်ရသေးသော(၂၀ပေx၆၀ပေ)အကျယ်ရှိလမ်းနှင့် ကပ်လျက်အခြမ်းထောင့်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံး တို့ကို အရောင်းအဝယ် အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရန်နောင်ထွေး[၁၂/ဒဂရ(နိုင်)၀၀၉၈၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာ ထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်ကိုကိုလွင် အထက်တန်းရှေ့နေ (စဥ်–၅၂၃၆၈)**
**အမှတ်(၁၀၇)၊ ဒုတိယထပ်၊ ဆင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၉၂၃၅၆၆၆**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ရွှေစင်လမ်း၊ မြေကွက်အမှတ်(၉၁)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဖခင် ဦးဝင်းတင်[၁၂/ဥကတ(နိုင်)၀၈၀၅၀၃]မှ သားဖြစ်သူ ဦးအောင်ပြည့်ဖြိုး[၁၂/ဥကတ(နိုင်)၁၆၅၆၃၇]အား မိသားစုစီမံမှု သဘောတူစာချုပ်ဖြင့် (၈–၁၂–၂၀၂၄)ရက်နေ့တွင် အပြီးအပိုင်လွှဲပြောင်းပြီးဖြစ်ပါသည်။ ဖခင်ဖြစ်သူမှ သားဖြစ်သူကို အပြီးအပိုင် အမွေပေးအပ်သည်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ သက်ဆိုင်သောစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါပြီး (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤအမွေပေးကမ်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝတ်ရည်ဖြိုး(ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ(စဥ်–၅၃၆၄၄/၂၀၂၀)**
**အမှတ်(၇၁၄)၊ စစ်ကိုင်း(၂၆)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၈၈၃၀၂၈၄၀၂**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဓမ္မာရုံ ဒါယိကာမကြီး**

## ဒေါ်ခင်စိန် (ပုသိမ်ကုန်တိုက်–ငြိမ်း)

### အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အောင်ချမ်းသာ(၅)လမ်း၊ အိမ်အမှတ်(၀၂၈)နေ (ဦးဝင်းရီ) ၏ ဇနီး၊ ဦးကျော်လင်း(ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်စည်ပင်) – ဒေါ်သန်းသန်းနွဲ့၊ ဒေါ်စိုးစိုးဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်စိန်သည် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၅ ရက်) ၁၇–၁–၂၀၂၆(စနေနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ရာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို(၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ရက်) ၁၉–၁– ၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သရက်ချောင်းမီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် အသုဘရှု တရားတော်နာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်) ၂၃–၁–၂၀၂၆(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖြင့် ထပ်မံဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဆရာကြီး ဦးဘိုးထွန်း

**(အ.မ.က–၁၆၊ ကျောင်းအုပ်ကြီး– ငြိမ်း)**

### အသက်(၉၂)နှစ်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်တော်သာ(၂)လမ်းနေ (ဦးဘဦး–ဒေါ်သိန်းရင်)တို့၏ သား၊ (ဦးဘရင်–ဒေါ်ထွေး)တို့၏ သားသမက်၊ မောင်နှမလေးယောက်တို့၏အစ်ကို၊ (ဗိုလ်ကြီးကျော်စိုးဝင်း) – ဒေါ်ငြိမ့်အောင်ကျော်ဇော၊ ဦးဆန်းဝင်းထွန်း[ညွှန်ကြားရေးမှူးချုပ်(ပို့/ဆက်)]–ဒေါ်မို့မို့နိုင်၊ ဦးထွန်းထွန်းဝင်း–ဒေါ်ယဉ်မြမြထွန်း(ခ)မမာစီ(မေမူကြို)၊ ဦးကျော်စိုးမိုး(ဝေလျှံသာချည်ချောလုံချည်)–ဒေါ်အေးမြမြထွန်း(Canon)တို့၏ ကျေးဇူးရှင် မွေးသဖခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုး၊ ပြည်တော်သာ(၂)လမ်း၊ အိမ်အမှတ်(၅၁)နေ (ဆရာမကြီး ဒေါ်ခင်သောင်း)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၈–၁–၂၀၂၆ (တနင်္ဂနွေ)၊ နံနက် ၀၀:၀၄ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀–၁–၂၀၂၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေလိုပါသောကြောင့် ၂၂–၁–၂၀၂၆ (ကြာသပတေးနေ့) နံနက် ၈ နာရီမှမွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ "ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ခံယူခြင်း**

## ဆရာကြီးဟာဂျီဦးချစ်သိန်း(ခ)အဗ္ဗဒူရာဟ်မာန်း

**(ဓာတု၊ ရူပ)**

### အသက်(၉၂)နှစ်

မွန်ပြည်နယ်၊ သထုံမြို့၊ ကျိုက်ကော်ဈေးတန်းနေ(ဦးဆီနီမာမက်–ဒေါ်ဟာဇရာ)တို့၏ သားထွေး၊ ဒေါ်မော်မော်သိန်း–ဦးမောင်မောင်ကျော်(Mercury အိမ်ဆောက်ပစ္စည်း၊ စော်ဘွားကြီးကုန်း)၊ ဦးမြင့်သိန်း–ဒေါ်မီမီထွန်း(လူထု အိမ်ဆောက်ပစ္စည်း)၊ ဒေါက်တာသူဇာသိန်း–(ဦးကျော်ဝင်း)(ပြည့်စုံ အိမ်ဆောက်ပစ္စည်း)၊ ဒေါက်တာ ကျော်သူသိန်း–ဒေါ်သူဇာသိန်း(Fuji Flooring)၊ ဒေါ်စန္ဒာသိန်း–ဦးထွန်းမင်း၊ ဒေါ်သိင်္ဂီသိန်း–ဦးစိုးသူရ(ကျော် အထပ်သား)၊ ဒေါ်မျိုးမာလာသိန်း တို့၏ ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဒေါ်သန်းမြင့်၊ ဒေါ်ခင်မေစီတို့၏ ခင်ပွန်းဖြစ်သူသည် ၁၈–၁–၂၀၂၆ရက် နံနက် ၃:၁၀ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ဇဟိုရ်အပြီးတွင် ရေဝေးမွတ်စလင် ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/မြောက်)၊ မြေကွက်အမှတ် (၉၂၅/က–ခ)၊ ဧရိယာ(၄၀x၆၀)ပေအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(ခေါင်းရင်း)ဘက်အခြမ်းရှိ အကျယ်အဝန်း(၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၀)လမ်းအရှေ့၊ အမှတ်(၉၂၅/က)ဟုခေါ်တွင်သည့် မြေကွက်နေအိမ် အဆောက်အအုံအရောင်းအဝယ်နှင့် စပ်လျဉ်းပြီးကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်နေအိမ်အဆောက်အအုံ၏ တရားဝင် အမည်ပေါက်ပိုင်ရှင်မှာ ဦးလှထွန်း[၁၂/အလန(နိုင်)၀၁၂၀၈၉၆]ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော ဦးနေအောင်[၁၂/သကတ(နိုင်)၂၀၀၈၃၅]နှင့် ဒေါ်တင်တင်ဝင်း [၁၄/ဘကလ(နိုင်)၂၀၇၀၂၇]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် မြေကွက်နေအိမ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နေအိမ် အဆောက်အအုံအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင် မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက် ကျော်လွန်ပါက မြေကွက်နေအိမ် အဆောက်အအုံအရောင်းအဝယ် ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော် (စဥ်–၄၀၃၅) LLB, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဥ်–၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**ဦးရဲမြင့်ထွန်း (စဥ်–၂၀၂၃၇) LL.B**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**HP: 09–5017044, 09–250674940**

---

## မောင်မောင်ချို (ဖိုးချို)

**လက်ပံတန်း**
**အ.ထ.က(၁)ကျောင်းသားဟောင်း**

### အသက်(၄၂)နှစ်

လက်ပံတန်းမြို့၊ ဘီးလင်းတန်းရပ်၊ ပေါက်ကုန်းလမ်းနေ(ဦးပေါက်ယုံ–ဒေါ်ခင်လှ)၊ (ဦးတင်မောင်–ဒေါ်စန်းရှင်)တို့မြေး၊ ဦးအေးမြင့်–ဒေါ်တင်တင်ဝင်း ( A/D စာရင်းစစ်ချုပ်ရုံး–ငြိမ်း)တို့၏တူ၊ ကိုမျိုးမင်းဦး–မရွှေရည်ဝင်း (Singapore) တို့၏ညီ၊ ကိုမိုးဦးလှိုင်–မဖြူကြည်သော်တို့၏ အစ်ကို၊ (၃၀၉)၊ အောက်ကြည့်မြင်တိုင်လမ်းနေ ဦးသိန်းလှိုင်(ဥက္ကဋ္ဌ၊ တိ–နိ သာသနာပြုအဖွဲ့၊ ရန်ကုန်)–ဒေါ်လှလှမြင့်တို့၏ သားလတ် မောင်မောင်ချို(ဖိုးချို) အသက်(၄၂)သည် ၁၈–၁–၂၀၂၆ရက် နံနက် ၀၀:၂၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀–၁–၂၀၂၆ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေ ရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ ၁၀၊ ရေတပ်လမ်းမ(မြို့ပတ်လမ်း)၊ အိမ်အမှတ် ၁၀/၇၄၊ ရွာမြေအမျိုးအစား ပေ(၂၇x၇၅)ရှိ အိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်မြင့်မြင့်အေး[၁၂/တမန(နိုင်)၀၄၀၂၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာခိုင်[၁၂/ပဇတ(နိုင်)၀၀၄၉၀၉]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ သက်သေအထောက်အထားမူရင်း များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အရောင်းအဝယ်ပြုလုပ်သည့် အိမ်ခြံမြေအား လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန္တာခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ (LL.B) အထက်တန်းရှေ့နေ(စဥ်–၄၇၅၂၅)**
**အမှတ်–ထ/၁၀၅၊ ဘုရင့်နောင်လမ်းမ၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်။ ဖုန်း–၀၉–၂၆၀၄၀၂၀၀၃**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ နွယ်နီ(၃)လမ်း၊ အမှတ်(၇၆၆)ရှိ ဦးလှသန်း အမည်ပေါက်မြေချပါမစ်မူရင်းအပါအဝင် အကျယ်အဝန်း(၂၀x၆၀)ပေရှိ ခြံမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား (၁၈–၁–၂၀၂၆)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် စရန်ငွေပေးချေခြင်းကတိစာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုသိမ့် (ဘ)ဦးမြင့်ငွေး[၇/ရကန(နိုင်)၀၄၆၈၁၀]ကိုင်ဆောင်သူမှ ရောင်းချသူ ဦးအောင်ကိုကိုထွန်း[၁၄/မမန(နိုင်)၃၃၁၃၃၆]အား စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ အဆိုပါ ခြံမြေကွက်နှင့်ပတ်သက်၍ အပြီးသတ် ငွေချေပြီး တရားဝင် လက်ရောက် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ချိုချိုသိမ့်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာအောင် LL.B,D.I.L,D.B.L တရားလွှတ်တော်ရှေ့နေ(စဥ်–၁၂၀၈၇/၂၀၁၇)**
**အမှတ် ၅၁၆/ခ၊ တောင်ငူလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09–420117039**

---

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ အေးသာယာရပ်ကွက်၊ ဗဟိုလ်(၁၈)လမ်း၊ အမှတ်(G–၃၇)ဟုခေါ်တွင်သော မြေကွက်အကျယ်အဝန်းဧရိယာ(အလျား (၄၀)ပေxအနံ(၆၀)ပေ)ရှိ၊ စလစ်မြေကွက်ကို စလစ်အမည်ပေါက်ဖြစ်သူ ဦးစံတင်ထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရောက် ပိုင်ဆိုင်ထား၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမောင်မြင့်[၁၂/သလန(နိုင်)၀၉၀၃၁၅]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ချောစုလွင်[၆/ထဝန(နိုင်)၀၈၆၃၃၄]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်(အရောင်းအဝယ်)နှင့်ပတ်သက်ပြီး ကန့်ကွက် လိုသူများရှိပါက စာရွက်စာတမ်း (မူရင်း) အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါမြေကွက် အရောင်းအဝယ်အား တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောစုလွင် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မင်းမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်– ၁၈၅၁၄)**
**ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာလမ်း၊ အောင်သိဒ္ဓိရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၆၉၂၂၅၉၄၅၇၊ ၀၉–၇၅၀၁၁၁၀၉၅**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၁၀၉/က)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်လင်းအောင် (HBE–၀၆၀၁၅၈)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးသိန်းနိုင်ထွန်း[၁၂/ဒဂရ(နိုင်)၀၃၄၂၆၆]သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ် ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့် အလျောက် ဝယ်ယူထားပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးကျော်ဝင်း [၁၂/မရက(နိုင်)၀၇၆၀၉၅]**
**ဖုန်း–၀၉–၅၁၇၉၃၆၀၊ ၀၉–၂၅၀၆၄၄၅၆၆**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုနွယ်[၆/မအရ(နိုင်)၁၀၁၈၄၀]နှင့် ဒေါ်ဖြိုးစုဝေ[၆/မမန(နိုင်)၁၃၁၀၅၆] တို့၏လွှဲအပ်ညွှန်ကြားအရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်း/ငြိမ်းချမ်းရေးရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းနှင့် ပန်းလှိုင်လမ်းထောင့်၊ အမှတ်(၅၁၁)ရဲတံခွန်တာဝါ၊ (၆)ခန်းတွဲ(၁၇)ထပ် အဆောက်အဦ၏အခန်းအမှတ်(၆၀၂)၊ (၂၄၉၈ စတုရန်းပေ)အကျယ်အဝန်းရှိသော ကွန်ဒိုတိုက်ခန်းနှင့် ကားပါကင် တစ်နေရာစာ ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးကျော်ကျော်နိုင်(ခ)ဦးကျော်စိန် [၆/မအရ(နိုင်)၀၀၂၂၁၅]ကိုင်ဆောင်သူမှ ဆက်စပ်စာချုပ်များနှင့်အတူ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေ များမှ ယင်းကွန်ဒိုတိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် ယခုအရောင်းအဝယ်အား ကန့်ကွက်လိုလျှင် စာရွက်စာတမ်းမူရင်းများနှင့်အတူ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်မြတ်စိုး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဥ်–၅၄၇၀၇)**
**လှော်ကားလမ်းမကြီး၊ ပြည်တော်သာရပ်ကွက်၊ လှော်ကား၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ Ph–09–453618054**

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

❖ MSME လုပ်ငန်းများ၏ရည်ရွယ်ချက်မှာ ပြည်ပသွင်းကုန် အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန်ဖြစ်…

( ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားသောအမှာစကားမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မြန်မာနိုင်ငံက တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်နှင့် ဆန့်ကျင်သည့်လုပ်ရပ်အား ကန့်ကွက်ရှုတ်ချ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသမ္မတ မစ္စတာ ဟိုဆေး ရာမို့စ် ဟော်တာက ချင်းလူ့အခွင့်အရေးအဖွဲ့ (Chin Human Rights Organization) အား ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံ၍ ဒေသတွင်းတရားမျှတမှုနှင့် တာဝန်ခံမှုရှိရေး ဆွေးနွေးခဲ့သည့်သတင်းအား တီမောလက်စ်တေသမ္မတရုံး၏ website တွင် တရားဝင်ထုတ်ပြန်ထားခြင်းကို စိတ်မကောင်းဖွယ်တွေ့ရှိခဲ့သည်။

တီမောလက်စ်တေအနေဖြင့် ဒီလီမြို့တွင် ၁-၇-၂၀၂၃ ရက်၌ ကျင်းပခဲ့သော အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့ မြန်မာအစိုးရက မတရားအသင်း ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်း "NUG" မှ ဇင်မာအောင်နှင့်အဖွဲ့အား ဖိတ်ကြားခဲ့ပြီး သမ္မတ မစ္စတာ ဟိုဆေး ရာမို့စ် ဟော်တာ က လက်ခံတွေ့ဆုံခဲ့သည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေသည့် အကြမ်းဖက်အဖွဲ့အစည်းအား ဤကဲ့သို့ ထိတွေ့ဆက်ဆံမှုပြုခြင်းသည် နိုင်ငံတကာ ကျင့်ဝတ်ဖောက်ဖျက်ခြင်းဖြစ်၍ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံအား ၅-၇-၂၀၂၃ ရက်တွင် ဆင့်ခေါ်ကာ ကန့်ကွက်ခဲ့သည်။ ထို့နောက် သံရုံးယာယီတာဝန်ခံကိုလည်း ၁-၉-၂၀၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံမှ ထွက်ခွာရန် နှင်ထုတ်ခဲ့သည်။ ထို့အပြင် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင် လျှောက်ထားမှုကိုလည်း အာဆီယံပဋိညာဉ်ပါ အခြေခံမှုများကို လိုက်နာခြင်းမရှိ၍ ကန့်ကွက်ကြောင်း အာဆီယံအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများအားလုံးထံ စာရေးသားပေးပို့အကြောင်းကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ★

## Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ တွဲဆိုင်းရှစ်ဆိုင်း ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီကာ ၂၀၂၆-Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ တွဲဆိုင်းရှစ်ဆိုင်းဖြင့် ကျင်းပသည်။


အယ်လ်ဂွန်ဂျာနှင့်စောကီးဒိုးယှဉ်ပြိုင်စဉ်

အဆိုပါ သုံးချီပြိုင်ပွဲများ၌ ရဲခေါင် (အဖြူရောင်သွေးသစ်) က ဝင်းထွဋ်သူရ (Eagle)ကို ဖြောင့်လက်သီးဖြင့် ဒုတိယအချီတွင်လည်းကောင်း၊ ကောင်းဆက်မင်း (ရန်ကြီးအောင်) က အောင်အောင် (ဇာမဏီမောင်)ကို ခြေကန်ချက်၊ လက်သီးတွဲလုံးများဖြင့် ဒုတိယအချီတွင်လည်းကောင်း၊ စောကီးဒိုး (Nine)က အယ်လ်ဂွန်ဂျာ (အဖြူရောင်သွေးသစ်) ကို ပင့်လက်သီးဖြင့် ပထမအချီတွင်လည်းကောင်း အနိုင်ရရှိသွားကြသည်။ ထို့ပြင် တာတေ (တော်ဝင်ဧရာ) နှင့် မိုက်ခဲလေး (MK1)တို့ ပြိုင်ပွဲတွင် နှစ်ဦးစလုံး သက်လုံကောင်းပြီး တတိယအချီတွင် တာတေလက်သီးကြောင့်

စာမျက်နှာ ၁၄ ကော်လံ ၃ သို့ ✱


ယနေ့ ဖတ်စရာ

သင်ယူလိုစိတ်ရယ် ၂၁ ရာစုရယ် စမတ်ဖုန်း AI ရယ်
ဆောင်းပါး စာမျက်နှာ » ၁၁

လှိုင်လင်မြို့နယ်၌ ဘိန်းစိုက်ခင်း ၂၇၂၈ ဧက ဖျက်ဆီးနိုင်ခဲ့
စာမျက်နှာ » ၁၆

ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခအဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်း
စာမျက်နှာ » ၁၇

တရားမဝင်သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ် သိမ်းဆည်းရမိ
စာမျက်နှာ » ၁၈


## လိုက်ပ်ဇစ်အသင်းကို အနိုင်ရပြီး ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါပြိုင်ပွဲ၌ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့

လိုက်ပ်ဇစ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ဇန်နဝါရီ ၁၈ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် ၁၈ မှာ ဘိုင်ယန်မြူးနစ်အသင်းက လိုက်ပ်ဇစ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်လိုက်ပ်ဇစ်အသင်းက ပထမပိုင်းပွဲကစားချိန် မိနစ် ၂၀ မှာ ရိုမူလိုရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် အဝေးကွင်းကို လာရောက်ကစားခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၅၀ မှာ ဂျီနာဘရီ၊ ၆၇ မိနစ်မှာ ဟယ်ရီကိန်း၊ ၈၃ မိနစ်မှာ ဂျေတက်၊ ၈၅ မိနစ်မှာ ပက်လိုဗက်နဲ့ ၈၈ မိနစ်မှာ အိုလစ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့လို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ လိုက်ပ်ဇစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ် ၁၈ ကစားပြီးချိန်မှာ ရမှတ် ၅၀ ရရှိကာ ဘွန်ဒက်လီဂါအမှတ်ပေးဇယား ဒုတိယနေရာက ဒေါ့မွန်အသင်းကို ၁၁ မှတ်ဖြတ်ပြီး ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒါ့ပြင် ဘိုင်ယန်မြူးနစ်အသင်းဟာ ယခုဘောလုံးရာသီမှာ ဘွန်ဒက်လီဂါပွဲအားလုံး ရှုံးပွဲမရှိသေးတဲ့ စံချိန်မှတ်တမ်းကောင်းတစ်ခုကိုလည်း ပိုင်ဆိုင်ရရှိထားတာဖြစ်ပါတယ်။

လိုက်ပ်ဇစ်အသင်းကတော့ ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပွဲစဉ် ၁၇ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယား အဆင့် (၄) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ငွေကြယ်


လိုက်ပ်ဇစ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။